မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၁)

ပြင်ပဆိပ်ကမ်းများအက်ဥပဒေ(အမှတ် ၂/၁၉၁၄)ကို ပြင်ဆင်သည့် ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ(အမှတ် ၂/၁၉၁၄)ကို
ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ
အမှတ် ၆/၂၀၀၇)
၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ(အမှတ် ၂/၁၉၁၄)ကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြင်ပဆိပ်ကမ်းများ အက်ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်းအစားထိုးရမည်—

"Penalties 8 Whoever removes, or attempts to remove or abets the removal of any goods with the intention that the payment of any dues payable under this Act may be evaded, and whoever wilfully commits any breach of any rule made under section 5, shall be punishable with a fine not exceeding Kyats ten thousand"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှုလျူမ်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှုလျူမ်နှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှုလျူမ်အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညှိနှိုင်းခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (အပေါ်ဝဲပုံ) နှင့် လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဇွန် ၁၃ ရက်)

ငှက်ဖျားရောဂါ ကင်းဝေးစေရေး ကျန်းမာရေးအသိဖြင့် နေထိုင်

ငှက်ဖျားရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်လေ့ရှိသည်။ ငှက်ဖျားရောဂါဖြစ်စေသောခြင်သည် ညအခါမှသာ ကိုက်လေ့ရှိသည်။ ငှက်ဖျားရောဂါသည် ကျန်းမာရေး ပြဿနာဖြစ်သည်သာမက လူမှုစီးပွားပြဿနာ တစ်ရပ်လည်းဖြစ်သည်။

ငှက်ဖျားရောဂါဖြစ်ပွားပါက ဖြစ်ပွားသူနှင့် မိသားစုသာမက နိုင်ငံတော်အတွက်ပါ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေသည်။ နိုင်ငံတော်အနေဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရန်အတွက် ၂၀၀၀ပြည့်နှစ်ကို အခြေခံပြီး ၂၀၁၀ပြည့်နှစ်တွင် ထက်ဝက်လျှော့ချနိုင်ရန် ရည်မှန်းလုပ်ဆောင်လျက် ရှိသည်။

ငှက်ဖျားရောဂါ ကာကွယ်ရေးလုပ်ငန်းအဖြစ် ကျန်းမာရေးအသိပညာပေးခြင်း၊ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း၊ အသုံးပြုသောခြင်ထောင်များအား ဆေးစိမ်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသသော လူနာများနှင့် ကွင်းဆင်းတွေ့ရှိသော လူနာများကို စောစီးစွာ ရောဂါရှာဖွေဖော်ထုတ်ပြီး ထိရောက်စွာကုသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဆေးစိမ်ခြင်ထောင်သည် ခြင်ကိုက်ခြင်းကို ကာကွယ်ပေးခြင်း၊ ခြင်များကို သေကျေစေနိုင်ခြင်း၊ ခြင်ထောင်အနီးသို့ ခြင်များမကပ်နိုင်ခြင်း စသည့် အာနိသင်များရှိသောကြောင့် ငှက်ဖျားရောဂါကို ထိရောက်စွာ ကာကွယ်ပေးလျက်ရှိသည်။

ဆေးစိမ်ခြင်ထောင်ကို လူတိုင်းသုံးစွဲသင့်ကြပြီး အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးငယ်များ၊ တောတောင်များအတွင်း အလုပ်လုပ်ကိုင်သူများသည် ဆေးစိမ်ခြင်ထောင်ကို အစဉ်အမြဲ သုံးစွဲသင့်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ကျန်းမာရေးဦးစီးဌာနတို့က ငှက်ဖျားရောဂါ ကင်းဝေးရေးအတွက် ကြိုးပမ်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ဆေးစိမ်ခြင်ထောင်များ အပါအဝင် နည်းလမ်းမျိုးစုံကိုအသုံးပြုကာ ကျန်းမာရေးအသိရှိရှိဖြင့် နေထိုင်သွားကြပါက ငှက်ဖျားအန္တရာယ်မှ ကင်းဝေးနိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်ကြီး ဒေါ်မိမိမြိုင် (ခြောက်လပြည့်) အားရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပါရမီရိပ်သာ စည်ပင်သာယာလမ်း အမှတ်(၆)နေ တစ်ဦးတည်းသော သမီး ဒေါ်မာလာနွယ်နှင့် မိသားစုက မင်းကွန်းဆရာတော်ကြီး၏ မင်းကွန်း တောင်ရိုးစစ်ကိုင်း ဝါးချက် မင်းကွန်းကားလမ်းအတွက် အလှူငွေကျပ် ၁၁၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ်ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် မြန်မာအမျိုးသမီးများ၏ကဏ္ဍ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ပြည်မြို့ ပညာရေးကောလိပ် ကျောင်းခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

လိုက်လံကြည့်ရှုအားပေး

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြင့်မြင့်အုန်းနှင့် အဖွဲ့ဝင်များသည် ပြည်တက္ကသိုလ်ခန်းမတွင်လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (ပြည်) တွင် လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင်လည်းကောင်း ယှဉ်ပြိုင်ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ဝင်ရောက်ဖြေဆို

ပညာရေးကောလိပ်တွင် ၂၆ ဦး၊ ပြည်တက္ကသိုလ်တွင်၅၈ ဦး၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)တွင် ၁၈ ဦး စုစုပေါင်း ၁၀၂ ဦးနှင့် အမှတ်(၁)အထကတွင် အလယ်တန်းဆင့် ၁၃၉ဦး၊ အထက်တန်းဆင့် ၈၇ ဦး စုစုပေါင်း ၂၃၆ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၃–၆–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	တောင်ထိပ်ပေါ်က ရတနာတရားတော် (ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ ဆရာတော်)
၈း၁၅	စေတီတို့ရဲ့ နောင်တော် တွံတေးရွှေဆံတော်
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	Midweek Sports News
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	မြေလတ်ဒေသ၏လက်ဆောင်
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာကျော်သန်းမြင့် (ဗန်းမော်)နှင့်တွေ့ဆုံခြင်း]
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း"**
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ဝိသာခါသီလရှင်သင် အမျိုးသမီး ပညာရေးကျောင်းသို့တစ်ခေါက်
၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	International Video Topics (အင်္ဂါဂြိုဟ်နှင့်သက်ရှိများ)
၁၁း၂၀	ကွက်လပ်ဖြည့်ပါ (ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅	**ကြိုဆိုလျက်ပါ (ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်)** ဒါရိုက်တာ–အောင်မိုး(PARIS)
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	ဆောင်းပါးရှင် အတွေးအမြင် (ငါးမင်းဆွေနှင့် တွေ့ဆုံခြင်း)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပုညာရာမဆရာတော် တရားပွဲ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဇွန် ၁၂ ရက်တွင် ကျင်းပမည့် တရားပွဲအစား ဇွန် ၁၅ရက်မှ ၂၄ရက်အထိ ၁၀ ရက် တရားစခန်းပွဲကို အဆိုပါကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပုညာနန္ဒ(ဗဟုဇနဟိတဓရ)က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဇွန် ၁၄ရက် ညနေ အရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပျဉ်းမနားမြို့ ရန်အောင် (၁) အုပ်စု မကျီးတောရပ် ၁၃ လမ်းနေ ဦးမြင့်စိုး–သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက်အလှူငွေကျပ် တစ်သိန်းငါး သောင်း ကိုနှင်း ဆီ ကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

13-6 (02) 1 6/12/07, 3:13 PM

တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော ဝန်ကြီးများ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများ ကုန်သွယ်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကိစ္စများ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇွန် ၅ ရက်မှ ၁၀ ရက်အထိ သွားရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် China Council for the Promotion of International Trade (CCPIT), China Chamber of International Commerce မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Timghem နှင့် CCPIT အစည်းအဝေးခန်းတွင် တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးမှ ပထမအတွင်းဝန် ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စု မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး CCPIT မှ Asean Business Council ဒုတိယ အထွေထွေ အတွင်းရေးမှူး Mr. Xu Ningning နှင့် Beijing International Co. operation Association of Small and Medium Enterprises မှ ဒုတိယဥက္ကဋ္ဌ Mr. Malu နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အလားတူ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဇွန် ၆ ရက် မွန်းတည့် ၁၂ နာရီတွင် China Asean Business Council မှ ဒုတိယအထွေထွေ အတွင်းရေးမှူး Mr. Xi Ningning နှင့် Guamgxi Baoyuan Group Co., Ltd. မှ အထွေထွေ မန်နေဂျာ Mr. Zhou Yuhao နှင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် နန်နင်းမြို့တွင် Myanmar Liason Office & Park တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး ပထမ အတွင်းဝန် ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အဖွဲ့ဝင်များသည် ဇွန် ၇ ရက် ညပိုင်းတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရှန်၊ ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ လူပင်းတို့နှင့်တွေ့ဆုံ၍ ကုန်သွယ်မှု မြှင့်တင်ရေး၊ ဘဏ်လုပ်ငန်းစနစ်အဆင်ပြေချောမွေ့စေရေးနှင့်နယ်စပ်ကုန်သွယ်မှု စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကို လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဇွန် ၈ ရက် နံနက် ၉ နာရီတွင် ကူမင်းမြို့ရှိ Empark Grand Hotel ၌ ယူနန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးဆောင်သော ကုန်သည်ကြီးများနှင့်တွေ့ဆုံ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ တိုးမြှင့်ရေးကို လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ကုန်သည်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကူမင်းမြို့ရှိ Empark Grand Hotel ၌ ယူနန်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးဆောင်သော ကုန်သည်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့နှင့်အတူ ကူမင်းကုန်စည်ပြပွဲတွင် တက်ရောက်ပြသနေကြသည့် မြန်မာနိုင်ငံ ကုန်သည်များအား တွေ့ဆုံအားပေးကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကူမင်းကုန်စည်ပြပွဲကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာယန်ကျဲ့ချီတို့သည် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ Grand Hotel Beijing ဧည့်ခန်းမ၌ China Nonfeuos metanmining Group မှ အထွေထွေ မန်နေဂျာ Mr. Luo Tao နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ တကောင်းတောင် နီကယ်တူးဖော်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် အဆိုပါဟိုတယ် ဧည့်ခန်းမ၌ Asia Pacific mining အဖွဲ့မှ Chinaleo ဒုတိယဥက္ကဋ္ဌ Mr. Zhang Chengzhong အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင် ဦးတေဇလည်း တက်ရောက်ကြသည်။

ရှာဖွေထုတ်လုပ်

အလားတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၇ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ Grand Hotel Beijing ခန်းမ၌ Sino Steel Mining Co., မှ ဒုတိယဥက္ကဋ္ဌ Mr. Hong Jiang နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ ကသိုဏ်းတောင် သံရှာဖွေထုတ်လုပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါ ခန်းမ၌ပင် Poly Group Co. operation မှ ဒုတိယဥက္ကဋ္ဌ Mr. Jiang Lianxing နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ သတ္တုတွင်းကဏ္ဍ ရင်းနှီးမြှုပ်နှံရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် အဆိုပါခန်းမ၌ပင် China Metallurgical Group Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Xu Xiangchun နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ သတ္တုကဏ္ဍ ပူးပေါင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် အဆိုပါခန်းမ၌ပင် Hiaman Jaiyi မှ ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ယူနန်ပြည်နယ် ကူမင်းမြို့ Empark Grand Hotel ရှိ ဧည့်ခန်းမ၌ YMC မှ Mr. Boaki အဖွဲ့နှင့် တွေ့ဆုံ၍ နမ္မတူ ခဲချော်ချေးဝယ်ယူရေးနှင့် သွပ်အောက်ဆိုဒ်ထုတ်လုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် YMEC မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ နမ့်ဟိုင်ဒေသ၌ ခဲသွပ်ရှာဖွေစမ်းသပ်လေ့လာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညနေ ၃ နာရီတွင် Zang Bao Mining Industry Group Co., Ltd. မှ Hu Jian Feng နှင့် အဖွဲ့အား

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာယန်ကျဲ့ချီတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

လက်ခံတွေ့ဆုံ၍ လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် Yanan Hengyi Industry Group မှ Mr. Wang Ruo Gang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ သတ္တုရှာဖွေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညနေ ၄ နာရီတွင် Kis Co. မှ ဒုတိယဥက္ကဋ္ဌ Mr. Hu Xia နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အတူ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့အား National Development & Reform

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ National Development & Reform Commision (NDRC) ဒုတိယဥက္ကဋ္ဌ မစ္စတာဂျန်းခိုးပေါင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

Commision (NDRC) ဒုတိယဥက္ကဋ္ဌ မစ္စတာဂျန်းခိုးပေါင်သည် ဇွန် ၆ ရက် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာရှိ ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံသည်။

စွမ်းအင်စီမံကိန်း

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် NDRC ဒုတိယဥက္ကဋ္ဌ မစ္စတာဂျန်းခိုးပေါင်တို့သည် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် NDRC ဒုတိယဥက္ကဋ္ဌ မစ္စတာဂျန်းခိုးပေါင်တို့သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်နေသည့် စွမ်းအင်စီမံကိန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အလားတူ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ရှိ Grand Hotel Beijing ဧည့်ခန်းမ၌ China Power Invesment Co., မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မစ္စတာဒင်းဇောင်ဇီနှင့် မဒမ်ကျန်းရှောင်လူတို့အား တွေ့ဆုံ၍ ဧရာဝတီမြစ်ဆုံနှင့် ချီဗွေတို့၌ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိုးတက်မှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အတူ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား Yunan Power Grid Corporation (YNPG) ဒုတိယဥက္ကဋ္ဌ မစ္စတာလီပင်ကျင်းနှင့်အဖွဲ့သည် ဇွန် ၈ ရက် နံနက် ၈ နာရီခွဲတွင် ကူမင်းမြို့ရှိ Empark Grand Hotel ၏ အစည်းအဝေးခန်းမ(၁)သို့ လာရောက်တွေ့ဆုံသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နမ့်လွေနှင့် နမ့်ခ ရေအားလျှပ်စစ်စီမံကိန်းများ၌ YNPG ကော်ပိုရေးရှင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် ယူနန်ပြည်နယ် လီကျန်းမြို့ရှိ Farsighted Co., မှ ဆောင်ရွက်နေသည့် မဂ္ဂါဝပ် ၂၄၀၀ ရှိသော ကျင်းချောင် ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက် လေ့လာကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝန်ကြီးများအား စီမံကိန်း RCC တမံနေရာ၌ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာလီနှင့် စီမံကိန်းအင်ဂျင်နီယာချုပ်တို့က စီမံကိန်းနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားကြပြီး ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးများသည် စီမံကိန်းရှိ RCC ကွန်ကရစ်ဖျော်စပ်သည့်နေရာ၊ ကျောက်မိုင်း၊ ရေလွှဲဥမင် အထွက်ပိုင်းတို့ကို လေ့လာကြည့်ရှုကြသည်။

ပါဝင်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးများနှင့် ကုမ္ပဏီ ဥက္ကဋ္ဌတို့သည် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ အဆိုပါကုမ္ပဏီက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၄၀၀ ရှိမည့် အထက်သံလွင် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လုပ်ဆောင်မည့် အစီအစဉ်များကိုလည်းကောင်း၊ ၎င်းစီမံကိန်းနေရာမှ ပြည်တွင်းသို့ ဓာတ်အားလိုင်းသွယ်တန်းမှုတွင် ပါဝင်ဆောင်ရွက်ရန် ကိစ္စတို့နှင့်စပ်လျဉ်း၍ လည်းကောင်း အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အတူ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ Grand Hotel Beijing ရှိ အခန်းအမှတ်(၆၁၅) အစည်းအဝေးခန်းမ၌ Central China Power Gride (CCPG) ကုမ္ပဏီဥက္ကဋ္ဌနှင့် CCG၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Lr Haiping CCPG ဒါရိုက်တာ Mrs. Pusang နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံသည်။

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ပေကျင်းမြို့ Grand Hotel Beijing ဧည့်ခန်းမ၌ ပေကျင်းမြို့နှင့် ကူမင်းမြို့တို့မှ သံ၊ သံမဏိ၊ သတ္တုတူးဖော်ရေးဆိုင်ရာ ကုမ္ပဏီ ကော်ပိုရေးရှင်းများ၊ လုပ်ငန်းဆိုင်ရာများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေမန်နေဂျာ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကုမ္ပဏီအနေဖြင့် လှိုင်သာယာ-မြောင်းတကာ-အသုတ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ အချိန်မီပေးသွင်းပြီး အကောင်ထည်ဖော် တည်ဆောက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ဆက်လက် ဆောင်ရွက်မည့် ၂၃၀-ကေဗွီ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအတွက် လိုအပ်သည့် စီမံကိန်းပစ္စည်းများ ပေးပို့နိုင်ရန်နှင့် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ပေကျင်းမြို့ရှိ Grand Hotel Beijing အစည်းအဝေးခန်းမ၌ China Poly Group Corporation ဒုတိယဥက္ကဋ္ဌ Mr.Jiang Lianxiang နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၌ မဟာဓာတ်အားလိုင်းစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ပစ္စည်းများတင်ပို့ရေး

အလားတူပင် ဝန်ကြီးသည် ဇွန် ၇ ရက် နံနက် ၇ နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ပင် China National Heavy Machinery Corporation(CHMC)ဥက္ကဋ္ဌ Mr. Lu Wenjun နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး CHMC မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရဲရွာစီမံကိန်းအတွက် ၂၃၀ ကေဗွီ ၂ သွင် ၂ ကြိုး မဟာဓာတ်အားလိုင်း သုံးလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းအတွက် လိုအပ်သည့်ပစ္စည်းများ တင်ပို့ရေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၇နာရီမိနစ်၄၀တွင် အဆိုပါအစည်းအဝေးခန်းမ၌ China International Water & Electric Corporation (CWE) ဒုတိယဥက္ကဋ္ဌ Mr. Wang Yu နှင့် အဖွဲ့အား လက်ခံ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အနာဂတ် မဟာဓာတ်အားလိုင်း စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ကော်ပိုရေးရှင်းမှ နည်းပညာများ ပံ့ပိုးပေးရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

အချိန်မီပြီးစီးရေး

အလားတူဝန်ကြီးသည် ဇွန်၈ရက် နံနက်၇နာရီ၁၅မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Empark Grand Hotel ၌ Sichun Machinery & Equipment Imp & Exp Co., Ltd.(SCMEC) ဥက္ကဋ္ဌ Mr. Yao Yuning အား လက်ခံတွေ့ဆုံပြီး ရွှေလီဓာတ်အားလိုင်းအတွက် ပစ္စည်းများ သတ်မှတ်ချိန်အမီ ပေးပို့နိုင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးကိုလည်းကောင်း၊ မွန်းလွဲ ၂နာရီ၁၅မိနစ်တွင် အဆိုပါဟိုတယ်၌ Sichuan Tonghui Industrial Group Co., Ltd.(STI) ဥက္ကဋ္ဌ Mr. Hongyuan Jin နှင့် အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ မဟာဓာတ်အားလိုင်း စီမံကိန်းနှင့် မြန်မာ့ကမ်းရိုးတန်းတွင် လေအားလျှပ်စစ်ကို စီးပွားဖြစ်လုပ်ဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် China National Electronics Import Export Southwest Company (CEIEC) အထွေထွေမန်နေဂျာ Mrs. Gao Rong နှင့် အဖွဲ့အားတွေ့ဆုံ၍ ၂၃၀-ကေဗွီ ဓာတ်အားလိုင်း၊ ၁၃၂-ကေဗွီ ဓာတ်အားလိုင်းများနှင့် ခွဲရုံသုံး ပစ္စည်းများအတွက် T&D Instrument များ ဝယ်ယူနိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညနေ ၃ နာရီတွင် YMEC ဥက္ကဋ္ဌ Mr. Feng Ke၊ ဒုတိယဥက္ကဋ္ဌ Mr. He Wen နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အနာဂတ် မဟာဓာတ်အားလိုင်း စီမံကိန်းများတွင်

စာမျက်နှာ ၅ ကော်လံ ၁ သို့

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပေကျင်းမြို့နှင့် ကူမင်းမြို့ရှိ လျှပ်စစ်စွမ်းအားလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ပေကျင်းမြို့နှင့် ကူမင်းမြို့ရှိ လျှပ်စစ်စွမ်းအားလုပ်ငန်းဆိုင်ရာ ကုမ္ပဏီနှင့် ကော်ပိုရေးရှင်းတို့မှ ဒုတိယဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

လေကြောင်းလိုင်းတိုးချဲ့

အလားတူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဇွန် ၆ ရက် နံနက် ၇ နာရီတွင် ပေကျင်းမြို့ Grand Hotel Beijing ရှိ တွေ့ဆုံခန်းမ၌ China National Preeision Machinery Import Export Corporation မှ ဒါရိုက်တာ Mr. Li Xinnan နှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ ဇွန် ၇ရက် ည ၁၀ နာရီခွဲတွင် အဆိုပါခန်းမ၌ Alcatel Shanghai Bell Company Limited မှ ဒုတိယဥက္ကဋ္ဌ Mao Jianhui နှင့် အဖွဲ့ဝင်များအား လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံ လေကြောင်းလိုင်း တိုးချဲ့ပျံသန်းရေး၊ လေယာဉ်ကွင်းနှင့် လေဆိပ် အဆောက်အအုံများ တည်ဆောက်ရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

လက်ခံတွေ့ဆုံ

ထို့အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ရှိ Grand Hotel Beijing ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Offshore Oil Company(CNOOC)၏ Chairman & CEO, Mr. Fu Chengyu နှင့် အဖွဲ့အားလည်းကောင်း၊ ဇွန် ၆ ရက် ညနေ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ခန်းမဆောင်ကြီး၏ ဧည့်ခန်းမ၌ China National Petroleum Corporation (CNPC)၏ ဥက္ကဋ္ဌ Mr. Jiang Jiemin ဦးဆောင်သော Petrochina Company Ltd.၊ China Oil Company Ltd.၊ China Huanqui Contracting and Engineering Corporation (HQCEC)၊ Chinnery Assets Ltd. နှင့် China Petroleum Technology & Development Corporation တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ ဇွန် ၇ ရက် နံနက် ၈ နာရီခွဲတွင် Grand Hotel Beijing ရှိ ဧည့်ခန်းမ၌ Singapore Sinopec International Petroleum Exploration Corpoartion(SIPC)၏ ဒုတိယဥက္ကဋ္ဌ Mr. Hou Hongloin နှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ နံနက် ၉ နာရီ ၁၅ မိနစ်တွင် Chinnery Assets Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr. Sun yei Wu နှင့် အဖွဲ့ဝင်များအား လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် China Group Coportion Poly technologies Inc မှ ဒုတိယဥက္ကဋ္ဌ Brig. Gen.(Retd.) Jiang Lianxiang နှင့် အဖွဲ့ဝင်များအား လည်းကောင်း၊ နံနက်၁၀နာရီတွင် China Petro Leum Technoloy & Deve lopment Corporation (CPTDC) မှ ဒုတိယဥက္ကဋ္ဌ Mr. Sun Sue Gong နှင့် အဖွဲ့ဝင်များအား လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အဆိုပါကုမ္ပဏီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသည့် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေး

အလားတူပင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၈ ရက် နံနက် ၁၀ နာရီတွင် ကူမင်းမြို့ရှိ Empark Grand Hotel ဧည့်ခန်းမ၌ Yunan Wing Since and Technology Corporation ဥက္ကဋ္ဌ Mr. Mingle Zu နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၌ Liquific Petroleum Gas(LPG) Extration Plant တည်ဆောက်ရေးကို လည်းကောင်း၊ နံနက်၁၁နာရီတွင် အဆိုပါ ဧည့်ခန်းမ၌ပင် Zhons Huai Petroleum Chemical Industry Co., Ltd. ဥက္ကဋ္ဌ Zhang Qiang နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး၊ Chemical Down Steam Plant တည်ဆောက်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးတို့ကို လည်းကောင်း ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဇွန် ၁၂ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ (၁၀၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Noelclaudio Cabrera နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာအား ဗြိတိန်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E Mr. Mark Canning နှင့် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Sue Wardell တို့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဧရာဝတီနှင့်ချင်းတွင်းမြစ်ရေ လက်ရှိရေမှတ်များအထက်မြင့်တက်

နေပြည်တော် ဇွန် ၁၂

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၈၀၀ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၂၇၀ စင်တီမီတာ ကိုးပေခန့် မြင့်တက်လာသည်။ ယင်း၏ အရှိန်ကြောင့် နောက်သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၁၀ စင်တီမီတာ ခုနစ်ပေခန့်နှင့် နောက်ငါးရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ ခြောက်ပေခန့်၊ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲတိုင်းထွာချက်အရ ခန္တီးမြို့တွင် ၆၀၇စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄နာရီအတွင်း၂၄၀စင်တီမီတာရှစ်ပေခန့် မြင့်တက်လာသည်။ ယင်း၏အရှိန်ကြောင့် နောက်သုံးရက်အတွင်း ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့တွင် ၁၈၀စင်တီမီတာခြောက်ပေခန့်နှင့်နောက်ငါးရက်အတွင်း ကလေးဝမြို့နှင့် မုံရွာတို့တွင် ၁၅၀စင်တီမီတာငါးပေခန့်လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှသတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီ၏ နိုင်ငံနှင့် လူမျိုးဒုက္ခရောက်စေမည့်လုပ်ရပ်များ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းလုပ်ရပ်များကို စိတ်ပျက် ပုသိမ်မြို့နယ်မှ ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၂

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်သိန်း၊ ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်အေးအေးမွန်တို့သုံးဦးသည် ဇွန် ၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပုသိမ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များ၊ နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်လျက်ရှိကြောင်း၊ NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုမှု မရှိတော့ခြင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၄)

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးနှင့်မြားပစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၂

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အိုလံပစ်နေ့ ရေကူးပြိုင်ပွဲကို ဇွန် ၁၈ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အိုလံပစ်နေ့ မြားပစ်ပြိုင်ပွဲကို ဇွန် ၂၇ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် မီတာ(၅၀၊ ၁၀၀၊ ၂၀၀) လိပ်ပြာကူး၊ ပက်လက်ကူး၊ ရင်ဘောင်တန်းကူးနှင့် အလွတ်ကူးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဇွန်၁၆ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကို ကျိုက္ကဆံကွင်းရှိ မြားပစ်အဖွဲ့ချုပ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အကြီးတန်းနှင့် လူသစ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အကြီးတန်းပြိုင်ပွဲတွင် Compound နှင့် Recurve မီတာ ၇၀ မြား ၇၂ ချောင်း၊ Olympic Round အမျိုးသား အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များ ပါဝင်မည်ဖြစ်ပြီး လူသစ်တန်းပြိုင်ပွဲတွင် Recurve အမျိုးသား အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

မေးမြန်းနိုင်

အိုလံပစ်နေ့ ရေကူးပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲတို့နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၅၅၇၄၃၂၊ ၀၉-၅၁-၃၄၃၁၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဟင်္သာတ၌ ဆရာတော်များဖူးမြော်၊ လှူဖွယ်ပစ္စည်းများဆက်ကပ် စိန်မေရီကက်သလစ်ဘုရားကျောင်း ကာတိုလိပ်သာသနာ့အကျိုးဆောင်အဖွဲ့သို့ ဆန်အိတ်များလှူဒါန်း ကရင်နှစ်ခြင်း ကျမ်းစာသင်ကျောင်း ဆရာ၊ ဆရာမနှင့် စာသင်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဇွန် ၆ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာစာရအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စာသင်တိုက်အတွက် လျှပ်စစ်မီးပဒေသာပင် အလှူငွေကို အသင်းသားများနှင့်အတူ ဂေါပကအဖွဲ့ထံ လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မဟိတာရုံကျောင်းတိုက် မဟာဒွါရသာသနာပိုင် ဦးအိန္ဒြိယသဘအားဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် သဗ္ဗသိဒ္ဓိ သုခဝတီသီလရှင်စာသင်တိုက်သို့ရောက်ရှိပြီး ဆရာလေးဒေါ်သုပညာနှင့် သီလရှင်များအတွက် ဆွမ်းဆန်အိတ်များကို လှူဒါန်းသည်။

ဆန်အိတ်များလှူဒါန်း

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ဟင်္သာတမြို့ ကနောင်စုရပ်ရှိ စိန်မေရီကက်သလစ်ဘုရားကျောင်း ကာတိုလိပ်သာသနာ့အကျိုးတော်ဆောင်အဖွဲ့သို့ သွားရောက်၍ ဆန်အိတ်များလှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က လက်ခံပြီး ကျောင်းထိုင် ဘုန်းတော်ကြီး ဖားသားရ်ဂေါ်သောကွန်စတင်တိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အသင်းဝင်များသည် အကျိုးတော်ဆောင် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ကရင်နှစ်ခြင်းကျမ်းစာသင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ စာသင်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

ထို့နောက်အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ဟင်္သာတမြို့ရှိ ရေတံခွန်သီလရှင်စာသင်တိုက်သို့ သွားရောက်ပြီး ဆရာလေး ဒေါ်ခေမာနန္ဒီနှင့် သီလရှင်များအတွက် ဆွမ်းဆန်နှင့် နဝကမ္မ အလှူငွေများ လှူဒါန်းကြသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ဆရာတော် ဘဒ္ဒန္တစန္ဒသိရီအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး စာသင်တိုက် လျှပ်စစ်မီး ပဒေသာ အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

အထွေထွေ အတွင်းရေးမှူးနှင့် အသင်းဝင်များသည် မွန်းလွဲပိုင်းတွင် မြို့သူကြီး ပြည်လုံးချမ်းသာ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်ရှိ လောကမာန်အောင်၊ အောင်ချမ်းသာဘုရား၊ လောကမုနိ ဆုတောင်းပြည့်ဘုရား၊ လောကမာရဇိန် ပြည်တော်အေးဘုရားများကို ဖူးမြော်ကြည်ညိုကာ ဘုရားဘက်စုံ ပြုပြင်မွမ်းမံမှုဆိုင်ရာများကို ဂေါပကအဖွဲ့နှင့် ဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် အတွင်းပတ္တမြား ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပရိယတ္တိစာသင်တိုက်အတွက် လျှပ်စစ်မီး ပဒေသာပင် အလှူငွေလှူဒါန်းသည်။

ယင်းနောက် ဟင်္သာတမြို့ တာငါးဆယ်(မြောက်)ရပ် ညောင်ပင်ရွာ အလယ်လမ်းရှိ ဗုဒ္ဓပမုခ အင်္ဂါပတ် သံဃာ့ဒါန နရပေဗျာသိ တန်ဆောင်းတော်ကြီးသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လမ်းပြုပြင်မွမ်းမံမှုကိစ္စများ ဆွေးနွေးကာ အင်္ဂါပတ် မိုးရာသီ သံဃာ့ဒါန ဆွမ်းဆန်တော်အတွက် အလှူငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုံနန်းပြာသာဒ် တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲ ရွှေတောင်၌ ကျင်းပ

ရန်ကုန် ဇွန် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ကိန်းဝပ်စံပယ်လျက်ရှိသော ဂန္ဓကုဋိတိုက်၏ အထက်ဆင့်၌ ဘုံခုနစ်ဆင့်ပါဝင်သည့်ဘုံနန်းပြာသာဒ်တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ရက် နံနက် ၉ နာရီက ရွှေမျက်မှန် ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ဗိုလ်မှူးကြီး လှမိုး(ငြိမ်း)နှင့်အဖွဲ့ ရန်ကုန်က အလှူငွေကျပ် ၁၁၀၀၀၀၊ ကိုကျော်ဝင်း-မအေးကျော့စံ၊ သား လင်းတင်ညိမ်း (ကောင်းစံ-ရွှေဆိုင်)တပ်လမ်း ပြည်မြို့က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်စန်းကြည်မိသားစု ပြည်တန်း ရွှေတောင်မြို့က ငွေကျပ် ၁၀၀၀၀၀၊ မိဘများအားရည်စူး၍ ဆရာမကြီးဒေါ်အေးသန်း၊ သားသမီးမြေး ဆေးရုံလမ်းရွှေတောင်မြို့က ငွေကျပ် ၁၀၀၀၀၀၊ ဦးစိုးလွင် မိသားစု တစ်စု ၄၄၁/၄က တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်မြို့က ငွေကျပ် ၁၀၀၀၀၀၊ ဦးညိမ်း-ဒေါ်ကြည် တောင်/ဘုရားကြီးလမ်း ရွှေတောင်မြို့က ငွေကျပ် ၃၀၀၀၀၊ ကိုသိန်းအေး-ဒေါ်ခင်စန်းလဲ့ ဘုရင့်နောင် ပွဲရုံက ငွေကျပ်၅၀၀၀၀၊ ဦးသန်းမြင့်(ရွှေလမင်း)ဆန်စက်မိသားစုတစ်စု၊ ကြာနီကန် ရွှေတောင်မြို့က ငွေကျပ် ၁၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ **(အပေါ်ပုံ)** ရွှေမျက်မှန် ဆုတောင်းပြည့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကိုပြန်လည်ပေးအပ်သည်။ **(၁၁၆)**

အိန္ဒိယသမ္မတနိုင်ငံရှိ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် နေပူခံစကျင်ကျောက်တုံးများ လွှဲပြောင်းလက်ခံရယူ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အိန္ဒိယသမ္မတနိုင်ငံတွင်တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် မြန်မာနိုင်ငံမှ ပေးပို့လှူဒါန်းသော စကျင်ကျောက်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။ **(သတင်းစဉ်)**

ရန်ကုန် ဇွန် ၁၂

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးတွင် အသုံးပြုတည်ဆောက်မည့် နေပူခံ စကျင်ကျောက်တုံးကြီးများကို မန္တလေးတိုင်း မတ္တရာမြို့မှ စင်းလုံးငှားမီးရထားတွဲများဖြင့် သယ်ဆောင်လာပြီး လွှဲပြောင်းလက်ခံရယူခြင်းနှင့် အိန္ဒိယသမ္မတနိုင်ငံသို့ တင်ပို့ရန် ကုန်သေတ္တာကြီးများအတွင်းသို့ ထည့်သွင်းခြင်းအခမ်းအနားကို ဇွန် ၁၀ရက် နံနက်၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာ့မီးရထား ဗိုလ်တထောင်ကုန်ရုံဝင်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ကြသည်။

တက်ရောက်

အခမ်းအနားတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အကြံပေးနာယက ဦးမောင်ရွှေ၊ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကါနှင့် အဖွဲ့ဝင်များ၊ တရားပြ ဆရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဓမ္မဇောတိရိပ်သာမှ တရားပြဆရာ ဦးသိန်းအောင်က အလှူပစ္စည်းများ ပထမအကြိမ် ပေးပို့လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ရထားတွဲများပေါ်မှ နေပူခံစကျင်ကျောက် အလှူပစ္စည်းများနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ရထားတွဲများအပေါ်မှ စကျင်ကျောက် အလှူပစ္စည်းများကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရားပြဆရာ Mr. Ram Avadh Verma နှင့် ဓမ္မဇောတိဝိပဿနာရိပ်သာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကါတို့က စကျင်ကျောက် အလှူပစ္စည်းများကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဆရာကြီး ဦးဂိုအင်ကာ၏ကိုယ်စား အိန္ဒိယသမ္မတနိုင်ငံမှမြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရားပြဆရာ Mr. Ram Avadh Verma အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

သာဓုသုံးကြိမ်ခေါ်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ရထားတွဲများပေါ်မှ အလေးချိန် ၃၁၇ တန်ရှိ စကျင်ကျောက်တုံးကြီး ၃၅ တုံးကို အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့သို့တင်ပို့ရန်အတွက် သင်္ဘောတင် ကုန်သေတ္တာကြီးများအတွင်းသို့ ထည့်သွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး အလှူရှင်များက သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။ **(သတင်းစဉ်)**

လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေနှင့်ညီညွတ်ရန်လို မှန်ကန်မြန်ဆန်ထိရောက်စေရေး အဆင့်ဆင့်ကြပ်မတ် လုပ်ငန်းအောင်မြင်မှုရရှိစေရေး အလေးထားကြိုးပမ်း

ရန်ကုန် ဇွန် ၁၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ရန်ကုန်တိုင်းအတွင်းရှိ စီမံခန့်ခွဲရေးအဆင့်အရာထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဇွန်၁၀ရက်နံနက်ပိုင်းက ရန်ကုန်မြို့ အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများ တက်ရောက်ကြသည်။

ဦးစားပေးဆောင်ရွက်

တွေ့ဆုံပွဲ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စီမံခန့်ခွဲရေးအဆင့် အရာထမ်းများသည် ဌာနအသီးသီး၌ အရေးပါသည့် အခန်းကဏ္ဍ၌ တာဝန်ယူ ဆောင်ရွက်နေကြသူများဖြစ်၍ လုပ်ငန်းကျွမ်းကျင်မှု၊ ရိုးဖြောင့်မှန်ကန်တာဝန်သိမှုတို့တွင် စံနမူနာပြ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန် ထိရောက်စေရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲကြရန် ဖြစ်ကြောင်း၊ ရည်မှန်းချက်ပြည့်မီကျော်လွန်သည့်အခြေအနေတွင် တင်းတိမ်သာယာမနေဘဲ ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ရရှိစေရေး အလေးထားကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ဦးစားပေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးလိမ္မာ ဝိပဿနာသင်တန်း

ရန်ကုန် ဇွန် ၁၂

ဒုတိယဗိုလ်မှူးကြီးမြင့်ဦး-ဒေါ်သင်နော်ထွန်း၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးဆန်းဦးလွင်-ဒေါ်ချိုချိုငယ်၊ ဗိုလ်မှူးသော်မင်းထွန်း-ဒေါ်မိုးမြင့်သာတို့ ကြီးမှူးဖွင့်လှစ်သော နယ်မြေခံတပ်ရင်း မိသားစုများ၏ ယဉ်ကျေးလိမ္မာသင်တန်းတွင် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းအုပ်စု အောင်မင်္ဂလာ ဝင်ဒါမီယာလမ်း သကျသီဟ သာသနဟိတ ပရိယတ္တိ စာသင်တိုက် (ရွှေမန်းကျောင်းတိုက်)၏ အာဒိကမ္မိက ပဓာနနာယက စာချ ပဓုက္ကူဝိပဿနာ အဖွဲ့ချုပ် (မဟာရန်ကုန်) ဩဝါဒါစရိယ မြို့နယ်ဝိနည်းဓိုရ် ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ (ငါ့သရောက် တ-မ-ခါး) ဆရာတော်က ပဓုက္ကူ ဝိပဿနာသင်တန်း တရားများ ပို့ချကြောင်း သိရသည်။ **(က-ပ)**

■ ကျောဖုံးမှ

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်ဝန်ကြီးများသည်အမျိုးသားလူနာဆောင်၌ဆေးကုသမှုခံယူနေကြသောအမျိုးသား လူနာများအား ဖြည့်စွက်အာဟာရ အစားအစာများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဆေးရုံ၌ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆေးကုသမှုခံယူနေကြသော ပြည်သူများအား သူနာပြုအတတ်ပညာများဖြင့် ပြုစုစောင့်ရှောက်ကုသပေးရန်ဖြစ်ကြောင်း မှာကြားသည်။

တက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့မှ မေယုအမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး နံနက် ၉ နာရီခွဲတွင် ပေါက်တောမြို့နယ် စိုင်းတုတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ လေဘေးသင့်မိသားစုများအားထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြန်လည်တည်ဆောက်

ရှေးဦးစွာ ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇော်လှက မုန်တိုင်းအန္တရာယ် ကြိုတင်အသိပေးနှိုးဆော်နိုင်မှု၊ မုန်တိုင်းတိုက်ခတ်စဉ် လူနှင့် ကျွဲ၊ နွားများ အသက်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်နိုင်မှုနှင့် လေဘေးသင့် မိသားစုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်နိုင်မှုနှင့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လေဘေးသင့်မိသားစုများအား အားပေးစကားပြောကြားပြီး စိုင်းတုတ်ကျေးရွာမှ လေဘေးသင့်မိသားစုများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ကိုယ်စားလှယ်အား ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာကိုယ်စားလှယ်အားလည်းကောင်း၊ ပေါက်တောမြို့နယ်ရှိ လေဘေးသင့်မိသားစုများအတွက် ခုနစ်ရက်စာ ဆန်ဖိုးကျသင့်ငွေကို မြို့နယ် ဥက္ကဋ္ဌအားလည်းကောင်း၊ စိုင်းတုတ်ကျေးရွာမှ လေဘေးသင့်မိသားစုများအတွက် ခုနစ်ရက်စာဆန်ဖိုး ကျသင့်ငွေကို စိုင်းတုတ်ကျေးရွာ ဥက္ကဋ္ဌအားလည်းကောင်း အသီးသီးပေးအပ်သည်။

ဆေးနှင့်ဆေးပစ္စည်းပေးအပ်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့် မိသားစုများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို စိုင်းတုတ်ကျေးရွာမှ ကိုယ်စားလှယ်အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသော အခမ်းအနားတွင် စိုင်းတုတ်ကျေးရွာမှ လေဘေးသင့်သောမိသားစုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၅၅၅၇၉၅ ကျပ် ၄ ပြား တန်ဖိုးရှိသော အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်း ၁၁ မျိုးစီပါ ထောက်ပံ့ရေးပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေများ၊ ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ် ၂၀၀၀၀၀၀ တန်ဖိုးရှိသောဆေးနှင့်ဆေးပစ္စည်း၂၅မျိုးစီပါ ဆေးပုံးများ ထောက်ပံ့ခြင်းဖြစ်ပြီး စုစုပေါင်း လှူဒါန်းမှု တန်ဖိုးမှာ ၂၅၅၅၇၉၅ ကျပ် ၄၅ပြား ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရသေ့တောင်မြို့နယ်မှ လေဘေးသင့် မိသားစုများအတွက် ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စိုင်းတုတ်ကျေးရွာမှ မေယုအမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၁ နာရီတွင် ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားချက်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ကျေးလက်ကျန်းမာရေးမှူး ဦးကျော်ဇံလှက ဆေးပေးခန်းနှင့် နေရောင်ခြည်စနစ်ဖြင့် ကာကွယ်ဆေးသိုလှောင်သည့် အအေးသေတ္တာခန်းတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က လိုအပ်သည်များကို ညွှန်ကြားစီမံပေးသည်။

ပြန်လည်ထူထောင်

ထို့နောက် လောင်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ရသေ့တောင်မြို့နယ်မှ လေဘေးသင့် မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ရသေ့တောင်မြို့နယ်အတွင်း ကူညီထောက်ပံ့ဆောင်ရွက်ပေးနေမှုနှင့် ပြန်လည်ထူထောင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကူညီထောက်ပံ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယခု တစ်ကြိမ်တွင် သဘာဝ ဘေးအန္တရာယ်များအတွက် ကြိုတင်အသိပေး နှိုးဆော်မှုများကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာများမှတစ်ဆင့် အချိန်မီအသိပေးဆောင်ရွက်နိုင်ပြီး ဒေသဆိုင်ရာက ကြိုတင်စီမံဆောင်ရွက်နိုင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများလျော့နည်းခြင်း၊ လူနှင့်တိရစ္ဆာန်သေဆုံးမှု နည်းပါးခြင်း စသော အကျိုးတရားများ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများကို မပြတ်ကြည့်ရှု နားထောင်ဖတ်ကြားကြရန်လိုကြောင်း၊ ဘေးအန္တရာယ်ကျရောက်သည့်အခါ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်း ကူညီကြရန်နှင့် လေဘေးကြုံကြရသော မိသားစုများအား မြန်မာတို့၏ ဓလေ့ထုံးစံများနှင့်အညီ ဝိုင်းဝန်းကူညီထောက်ပံ့လှူဒါန်းကြရန်ဖြစ်ကြောင်း။

ထောက်ပံ့ရေး ပစ္စည်းများကို ပံ့ပိုးပေးသလို လူမှုဝန်ထမ်းနှင့် ကျန်းမာရေးစသော ဝန်ကြီးဌာနများနှင့် စေတနာရှင်များကလည်း လာရောက်ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူအဆင့်ဆင့်တို့က စနစ်တကျဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် လေဘေးကြုံရသော မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ၁၁မျိုးပါဝင်သော ထောက်ပံ့ရေး ပစ္စည်းများကိုကိုယ်စားလှယ်တစ်ဦးသို့ပေးအပ်သည်။

အဝတ်အထည်များပေးအပ်

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ၁၁မျိုးစီပါသော ထောက်ပံ့ရေးပစ္စည်းများ ရသေ့တောင်မြို့နယ်ရှိ လေဘေးကြုံရသူ မိသားစုများအတွက် ဆန်ခုနစ်ရက်စာကျသင့်ငွေ၊ လောင်းချောင်းကျေးရွာမှ လေဘေးသင့်မိသားစုများအတွက် ဆန်ခုနစ်ရက်စာ ကျသင့်ငွေများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ အသီးသီးပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့်မိသားစုများအတွက် ဆေးနှင့်ဆေးပစ္စည်း ၂၅မျိုးပါ ဆေးသေတ္တာများကို လောင်းချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးမှူးသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုစုပေါင်းတန်ဖိုး

ယခု ကျင်းပသော အခမ်းအနားတွင် လောင်းချောင်းကျေးရွာမှ လေဘေးသင့်မိသားစုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၄၃၅၂၇၅ ကျပ် တန်ဖိုးရှိအဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ၁၁မျိုးပါ ထောက်ပံ့ပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေများ၊ ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ် ၂၀၀၀၀၀၀တန် ဆေးနှင့် ဆေးပစ္စည်း ၂၅မျိုးစီပါ ဆေးပုံးများ ထောက်ပံ့ခြင်းဖြစ်ပြီး လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ၂၄၃၅၂၇၅ ကျပ်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မောင်တောခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက မောင်တောခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ အမယ်သစ်သီးနှံ၊ ငရုတ်ကောင်း၊ ခြံစည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ယင်းနောက်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များကို ပြောကြားကြသည်။

စည်းရုံးဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် မောင်တောမြို့နယ်တွင် ဆန်ဖူလုံမှု အပြည့်အဝရှိစေရန်အတွက် စိုက်ပျိုးခြင်းမပြုသည့် လယ်မြေနှင့် မြေရိုင်းများကို သေချာစွာ စိစစ်ဖော်ထုတ်၍ ကျေးရွာတိုင်း ကျေးရွာတစ်ရွာလျှင် အနည်းဆုံး လယ် ၁၀ ဧက တိုးချဲ့ဖော်ထုတ် စိုက်ပျိုးနိုင်ရန်နှင့် သဘာဝစိမ့်ရေ၊ စမ်းရေများကို ချောင်းပိတ်၍ ဆည်ငယ်များ ပြုလုပ်ကာ နွေစပါး စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပြီး စိုက်ပျိုးရန်လိုကြောင်း၊ ဆီဖူလုံမှုရရှိရန်အတွက်လည်း ပဲစိုက်ခင်းများတွင် နေကြာကို သီးညှပ်စိုက်ပျိုးသွားရန် တောင်သူများ စိုက်ပျိုးတတ်အောင် နည်းပေးလမ်းပြ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းကိုလည်း စီမံချက်ဧက ပြည့်မီအောင်စိုက်ပျိုးရန်လိုကြောင်း၊ ခြံစည်းရိုးကြက်ဆူကို ပြည်နယ်အနေဖြင့် သုံးနှစ်အတွင်း ဧကငါးသိန်း စိုက်ပျိုးရမည်ဖြစ်ရာ မောင်တောခရိုင်က ပြည်နယ်၏ သတ်မှတ်ချက် ပြည့်မီရေးအတွက် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ရော်ဘာကိုလည်း ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များက စိုက်နိုင်သမျှ တိုးချဲ့စိုက်ပျိုးရန်နှင့် တောင်သူများ တိုင်းရင်းသား ပုဂ္ဂလိကများအား စိုက်ပျိုးရန်အတွက် စည်းရုံးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ တရားဝင်ကုန်သွယ်မှုဖြစ်စေရေးအတွက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မောင်တောမြို့နယ်အတွက် ပညာရေး အလှူငွေကျပ် တစ်သိန်း၊ ငွေကျပ် ၂၃၀၀၀တန် စာအုပ်နှင့် စာရေးကိရိယာများကို မောင်တောမြို့နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်သို့ လည်းကောင်း၊ ဘူးသီးတောင်မြို့နယ်အတွက် ပညာရေး အလှူငွေကျပ် တစ်သိန်း၊ ငွေကျပ် ၂၃၀၀၀တန် စာအုပ်နှင့်စာရေးကိရိယာများကို ဘူးသီးတောင်မြို့နယ် ပညာရေးမှူး ဦးအောင်ကျော်ထွန်းသို့လည်းကောင်း အသီးသီး ပေးအပ်ပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

လက်ချင်းတွဲယှက် ခရီးဆက်စို့

❒ အနာဂတ်ခရီး
မျှော်မှန်းပြီးလျှောက်၊ မကြာခင်ရောက်ရမည်။

❒ စုစည်းဆွေးနွေး
ရှေ့ပြေးလမ်းဖောက်၊ ချောင်းဖောက်လည်းဖြတ်
တောင်မတ်လည်းကျော်၊ နေသော်ပူလွ
ကန္တာရထဲ၊ မယိုင်လဲအောင်
ဖွဲ့နှောင်တွဲယှဉ်၊ သံယောဇဉ်နှင့်
ဖြူစင်ခြင်းပြိုင်၊ လိုက်ခဲ့နိုင်ရင်
တွဲခေါ်ချင်ရဲ့။

❒ အေးလျှင်အတူ၊ ပူလျှင်အမျှ
ယုယကြင်နာ၊ အတွယ်တာနှင့်
ကာကွယ်ဒုက္ခ၊ သုခလည်းစံ
နက်ဖြန်များစွာ၊ ကာလတာရှည်
ရွှေရည်ပက်ဖျန်း၊ မျှော်မှန်းပန်းတိုင်
ဆွတ်လှမ်းကိုင်ရန်၊ မဝေးတော့။

❒ ဟို–အရှေ့က
မြင်နေရသည့်၊ လူ့ဘုံစခန်း
ရွှေရောင်နန်းကို၊ မျှော်မှန်းတွဲလျှောက်
တစ်ယောက်တစ်လက်၊ တွဲဆက်မြဲကိုင်
မယိုင်မယိမ်း၊ ထိန်းသိမ်းကူလျက်
ခရီးဆက်စို့၊ သွားကြစို့။ ။

လင်းအောင်(ဇီးကုန်း)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ
ဘောလုံးပြိုင်ပွဲ ဇွန် ၂၅ရက်သို့ ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် ဇွန် ၁၂

အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နေပြည်တော်ကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းများ၌ ဇွန် ၁၅ ရက်အစား ၂၅ ရက်သို့ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)
၁၃–၆–၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၅	၇။	အရေးပြိုင်ပွဲ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇း၁၀	၆။	သီချင်းကြီးပဒေသာ
၁၇း၂၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅	၁၂။	Discovery
၁၉း၂၀	၁၃။	မှုပ်ပန်သွယ်သွယ်ဆိုကြမယ်
၁၉း၃၅	၁၄။	**ကြိုဆိုလျက်ပါ** ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ ဇင်ထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊သင်ဇာဝင့်ကျော် [ဒါရိုက်တာ–အောင်မိုး(ပဲရစ်)]
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာ့ဗီဒီယိုဇာတ်လမ်း **ယုံတမ်းစကား** လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ–မောင်ဗေဒါ)

ကျောက်တော်မြို့၏ မိုးရေခံချိန်သစ်

နေပြည်တော် ဇွန် ၁၂

ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ကျောက်တော်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၂၁ မီလီမီတာ ၁၂ ဒသမ ၆၄ လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၁နှစ်အတွင်း ဇွန်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၅၃ မီလီမီတာ ၉ ဒသမ ၉၆ လက်မဖြစ်ပြီး ၂၀၀၅ခုနှစ် ဇွန်လ ၂၆ ရက်တွင် ရှာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ခေတ်နံ၊ ကမ္ဘ၊ ဘိက္ခဝေ

ပြောစရာတွေဖြစ်ဖြစ်လာတော့ ပြောရဦးမှာပေါ့ခင်ဗျာ။ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများ ကြားသိတော်မူကြတဲ့အတိုင်း၊ ဘုရားပေါ်တက်ပြီး အရှက်မဲ့ သိက္ခာမဲ့တဲ့၊ ဓမ္မန္တရာယ်အလုပ်တွေကို ရုတ်ရုတ်လုပ်နေကြတော့ မျက်စိထဲသိပ်မတွေ့တဲ့ ပြည်သူတွေက တားဆီးတာ ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာကို ဥပဒေနဲ့အညီ အရေးယူပေးဖို့ လွှဲပြောင်းပေးအပ်တာတွေဟာ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက် ဖျက်ဆီးပြီး ပြည်သူတွေရဲ့ အေးချမ်းနေတဲ့ လူမှုစီးပွားဘဝကို ကစဉ့်ကလျား ပျက်ပြားစေအောင် ဆူပူလုပ်ကြံဖန်တီးမယ့် အန္တရာယ်အတွက် ပြည်သူကသူ့အသိတရား၊ သူ့ရပ်တည်ချက်နဲ့ ကြိုတင်ကာကွယ် တားဆီးကြခြင်းပဲဖြစ်ပါတယ် ခင်ဗျာ။

အဲသဟာကို လက်ကျန် NLD ခေါင်းဆောင်ဆိုသူများကလည်း အခုလို NLD ပါတီခေါင်းဆောင် အမျိုးသမီး လွတ်မြောက်ရေးအတွက် ဘုရားမှာ ဆုတောင်းဝတ်ပြုတာကို ပြည်သူအမည်ခံတွေက အကြမ်းဖက်ဝိုင်းဝန်းတားဆီးပြီး သက်ဆိုင်ရာတွေကိုအပ်နှံတဲ့ အလုပ်ဟာတရားမဝင်၊ ဖိနှိပ်ညှဉ်းပန်းမှုဖြစ်တယ်ဆိုပြီး ဖြန့်ဝေစာတစ်စောင်နဲ့အမှောင်ကိုအလင်းပြော၊ တောကိုတောင်လုပ် ပြဿနာရှုပ်အောင် ဖွခဲ့ဆွခဲ့သဗျ။

အဲ–အကြောင်းတိုက်ဆိုင်လာတော့ စကားလမ်းကြုံပြောရဦးမယ်ခင်ဗျာ။ NLD ခေါင်းဆောင်တွေက အခုမှ ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတာကို အစိုးရက မပိတ်ပင်ကောင်းဘူး၊ မတားဆီးကောင်းဘူးဆိုပြီး တကယ့်သူတော်စင် ပုဂ္ဂိုလ်ကြီးတွေလို ပြောလာဆိုလာတော့ ပေါက်စအနေနဲ့ ရယ်ရတယ်လို့ပဲ ပြောလိုက်ချင်သဗျ။ ဘာလို့လဲဆိုတော့ ဟိုလွန်ခဲ့တဲ့ ၁၉၈၉ခုနှစ်ဆီလောက်မှာ ရွှေတိဂုံဘုရားကြီးကို တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ ဂုဏ်ကျက်သရေ၊ ဗုဒ္ဓသာသနာတော်ရဲ့ အမွေဖြစ်လို့ ဘက်စုံပြုပြင်တည်ဆောက်ရေးတွေ လုပ်နေတာနဲ့ ပတ်သက်ပြီး NLDပါတီခေါင်းဆောင် ဒေါ်စုကြည်က **"ရှေးဟောင်းယဉ်ကျေးမှုအမွေတွေ ပျက်စီးအောင် ဖျက်ဆီးနေတာဖြစ်တယ်"**လို့ ပြောခဲ့ဖူးသဗျ။ အဲသလိုပါပဲ ၁၉၉၇–၉၉ခုနှစ်လောက်မှာ ပါတီအလုပ်အမှုဆောင်တစ်ဦးကလည်း **"အခုဆိုရင် တစ်နိုင်ငံလုံးမှာ ဘုရားတွေလည်း ရွှေတွေဝင်းပြီး ကျောင်းကန်ဘုရားတွေကလည်း နိုင်ငံအနှံ့စည်ကားနေပါ့ဗျ။ ရဟန်းသံဃာတွေ ဆိုရင်လည်း ဆွမ်း၊ ကွမ်း ပစ္စည်းလေးပါးတွေ အပြည့်အစုံပါပဲဗျာ။ ဒါပေမယ့် သာခုခေါ်ဖို့မလွယ်ဘူး၊ အဲဒီ အလှူအတန်းတွေမှာ မြင်နေရတာတွေကတော့ ဘုန်းကြီးတွေနဲ့ စစ်သားချည်းဖြစ်တယ်။ လှူတာကလည်း ပြည်သူတွေဆီက အတင်းအဓမ္မကောက်ခံထားတဲ့ ငွေတွေနဲ့လှူတာဖြစ်လို့ အလှူလက်ဖက်နဲ့ စစ်တပ်က မျက်နှာလုပ်တာ"**ဆိုပြီး တစ်ချိန်တစ်ခါက တာဝန်ထမ်းဆောင်ခဲ့တဲ့ မိခင်တပ်မတော်ရဲ့မျက်နှာကို မထောက်ဘဲ ဖောက်ပြန်တဲ့ စိတ်ဓာတ်နဲ့ အောက်တန်းကျကျ အရှုယ်နဲ့မလိုက်အောင် အငေါ်တူးစကားနဲ့ ပုတ်ခတ်သရော်ခဲ့သဗျ။ ထိုနည်းလည်းကောင်းပေါ့လေ ပါတီဒုတိယဥက္ကဋ္ဌဆိုသူကလည်း ပါတီဆိုင်းဘုတ်တင်ပွဲ၊ ရုံးဖွင့်ပွဲတွေမှာ ဦးခုံပြီး၊ ဂါထာတွေစုတ်မန်းမှုတ်နေပေမယ့် တပ်မတော်အစိုးရက ရွှေတိဂုံဘုရားကြီး ထီးတော်အသစ်တင်တာကို **"မလုပ်ကောင်းတဲ့ အလုပ်တွေလုပ်နေကြတယ်"** ဆိုပြီး မိုးကြိုးပဲ အပစ်ခံရတော့မလိုလို၊ မြေပဲမျိုတော့မလို မဟုတ်တမ်းစကားတွေနဲ့ နှုတ်သရမ်းသွားခဲ့သဗျ။

အဲသလိုမျိုး **ပြည်သူနဲ့တပ်မတော်၊ ကြည်ကြည်ဖြူဖြူ လက်တွဲပြီး၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့၊ ဗုဒ္ဓရဲ့သာသနာတော် သုံးရပ်ထွန်းကားပြန့်ပွားစည်ပင်အောင် လုပ်ကိုင်ဆောင်ရွက်နေတဲ့ သာသနာပြုလုပ်ငန်းတွေကို ပုတ်ခတ်သရော်စော်ကားခဲ့ကြသဗျ။ အဲဒီလက်ကျန် NLD ပါတီခေါင်းဆောင်တွေရဲ့ ဩဇာခံတွေဖြစ်ကြတဲ့ ပါတီဝင်တစ်စုက ဘုရားပေါ်တက် ဆုတောင်းဝတ်ပြုကြတယ်ဆိုတာ ရှင်းရှင်းပြောရရင် ဘုရားကိုယုံကြည်တဲ့ သဒ္ဓါစိတ်နဲ့ လုပ်တာမဟုတ်ဘဲ တိုင်းပြည်ဆူပူအောင် မသမာစိတ်နဲ့ ဟိုနေရာ ရုတ်ရုတ်၊ ဒီနေရာ ရှုပ်ရှုပ်လုပ်ပြီး လှုံ့ဆော်ကြအုပ်စုဖွဲ့ကြတာပဲ ဖြစ်သဗျ။**

ဘာလို့လဲဆိုတော့ **ပေါက်စတို့နိုင်ငံမှာ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာဆိုပြီး ဘာသာကြီးလေးမျိုးကိုယုံကြည်ရာ ဘာသာအလိုက် ကိုးကွယ်ကြတယ်ဗျာ။ အဲသလိုယုံကြည်ကိုးကွယ်ကြတဲ့ ဘာသာဝင်တွေဟာ ကိုးကွယ်ရာဘာသာအလိုက် ဘုရားသွားကျောင်းတက်၊ ဝတ်ပြုဆုတောင်းကြတဲ့အခါမှာ လိုက်နာရမယ့်စည်းကမ်းကျင့်ဝတ်တွေကို သတ်မှတ်ထားပါတယ်ခင်ဗျ။**

သို့ကလိုမျိုး သတ်မှတ်ထားတဲ့ စည်းကမ်းကျင့်ဝတ်တွေကို ကိုးကွယ်ရာ ဘာသာအလိုက် လိုက်နာကျင့်သုံးပြီး ဘုရားသွား၊ ကျောင်းတက် ဝတ်ပြုဆုတောင်းကြတယ်လို့ ပေါက်စ နားလည်ထားသဗျ။ အဲ–ပေါက်စလေ့လာမိသလောက် ပြောရမယ်ဆိုရင်

ပေါက်စ

ဗုဒ္ဓဘာသာဝင်တွေ ဘုရားသွားကျောင်းတက်တဲ့ အခါမှာ အမျိုးသားတွေဆိုရင် တိုက်ပုံအင်္ကျီနဲ့ ရှပ်အင်္ကျီလည်ကတုံး အဖြူကိုဝတ်ကြပြီး၊ အမျိုးသမီးတွေဆိုရင်လည်း အင်္ကျီရင်ဖုံးအဖြူရောင်၊ ဒါမှမဟုတ်လည်း ယောဂီရောင်အင်္ကျီ၊ ယောဂီရောင်ထမီကို ဝတ်ကြသဗျ။ ပခုံးပေါ်မှာ ယောဂီတဘက်(သို့မဟုတ်) ပဝါခြုံရသဗျ။ သနပ်ခါးမလူးရ၊ အမွှေးနံ့သာမသုံးရ၊ ပန်းမပန်ရဆိုတဲ့ စည်းကမ်းကျင့်ဝတ်နဲ့ ဘုရားသွား ကျောင်းတက်ရတယ်ဗျာ။ ဘုရား၊ ကျောင်းကန်ရောက်ရင်လည်း ဥပုသ်သီတင်းသီလစောင့်သူက စောင့်တယ်ဗျာ။ တရားဘာဝနာ ကမ္မဋ္ဌာန်းအားထုတ်သူက အားထုတ်ပြီး၊ သမထဝိပဿနာကျင့်သူကလည်း ကျင့်ကြံအားထုတ်ကြသဗျ။ ဆူဆူပူပူအသံတွေကင်းပြီး တိတ်တိတ်ဆိတ်ဆိတ် ကျင့်ကြံအားထုတ်ကြသဗျ။ အချို့ ဘုရားကျောင်းကန်အရပ်တွေမှာ ဤနေရာသည် သူတော်စင်များ တရားအားထုတ်နေသဖြင့် ဆူညံခြင်းမပြုရဆိုပြီး သတိပေးစာတွေ ကပ်ထားတယ်ဗျာ။

အဲသလိုပါပဲ အစ္စလာမ်ဘာသာဝင်တွေအနေနဲ့ ဗလီ(ဒါမှမဟုတ်) အစ္စလာမ်ဝတ်ကျောင်းတော်ကိုသွားရောက် ဝတ်ပြုတော့မယ်ဆိုရင် ကိုယ်လက်၊ မျက်နှာ၊ ဦးခေါင်း၊ ရုပ်ခန္ဓာ သန့်ရှင်းရေး (စင်ကြယ်မှုမင်္ဂလာ)လုပ်ပြီးမှ ဗလီထဲကိုဝင်ရောက်ခွင့် ရှိသလို၊ ဗလီဝတ်ပြုဆောင်ထဲ ဝင်တဲ့အခါမှာလည်း အလ္လာထံ၊ ကရုဏာတော် တံခါးဖွင့်ပေးဖို့ ရည်သန်ဆုပန်ပြီး ရိုကျိုးစွာ ဝင်ရောက်ရတယ်တဲ့ဗျာ။ ဗလီထဲဝတ်ပြုနေတဲ့အချိန်မှာလည်း တိတ်ဆိတ်ငြိမ်သက်စွာ ဝတ်ပြုရတယ်ခင်ဗျာ။ ဗလီကို ဝတ်ပြုဖို့သွားကြတဲ့အခါမှာ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်အစားနဲ့ ကာယိန္ဒြေကို ထိန်းသိမ်းတဲ့ အဝတ်အစားကို ဝတ်ဆင်ရတယ်ဗျာ။ အထူးသဖြင့် အမျိုးသမီးတွေအနေနဲ့ ပါးလွှာတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ခွင့်မပြုတဲ့အပြင် ဝတ်ပြုတဲ့အခါမှာ မျက်နှာ၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကလွဲပြီး ကျန်တစ်ကိုယ်လုံးကို လုံခြုံစွာ ဖုံးအုပ်ဝတ်ဆင်ရမယ်လို့ သတ်မှတ်ထားတယ်တဲ့ခင်ဗျာ။ ဝတ်ပြုဆုတောင်းတဲ့အခါမှာလည်း ကုရ်အာန်ကျမ်းအရ သတ်မှတ်ထားတဲ့ပုံစံအတိုင်း ဘုရားကို အာရုံပြုပြီး

နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေအရ နိုင်ငံတော်အစိုးရအနေနဲ့ သက်သက်ညှာညှာထိန်းသိမ်းထားတဲ့ ပါတီခေါင်းဆောင်အမျိုးသမီးကို လွှတ်ပေးဖို့ဆိုပြီး ပြည်တွင်းက လက်ကျန် NLD ပါတီဝင်တွေနဲ့ ၈၈ မင်းမဲ့ဝါဒီမျိုးဆက်တွေက ဘုရားပေါ်တက်ဝတ်ပြုဆုတောင်းတယ်ဆိုပြီး အကြိမ်ဖန် နိုင်ငံရေးစတန့်လုပ်ပွဲတွေလုပ်ကြသလို ပြည်ပက အမေရိကန်အစိုးရအပါအဝင် နယ်ချဲ့အုပ်စုဝင် နိုင်ငံအချို့နဲ့ ဩဇာခံပြည်ပြေးဝရမ်းပြေး အကြမ်းဖက်သောင်းကျန်းသူတွေကလည်း အဲဒီပါတီခေါင်းဆောင် အမျိုးသမီးကိုလွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးမှုပဲ မြန်မာနိုင်ငံကြီး နေ့ချင်းညချင်းနတ်ရေကန်ထဲချသလို ကောင်းစားလာတော့မယ်ဆိုတဲ့ မိုးချိုးလေချိုး၊ ပရမ်းပတာစကားတွေ ပြောကြဆိုကြတာတွေဟာ ပြောနေဆိုနေတဲ့ ပါးစပ်တွေ မရှက်ပေမယ့် ကြားနေရတဲ့ ပေါက်စအပါအဝင် မြန်မာပြည်သူတွေရဲ့ နားတွေက ရှက်နေကြသဗျာ။

လောကီကိစ္စအားလုံးစဉ်
စီးပွားချမ်းသာဖို့ အပြစ်
ဒေသဖွံ့ဖြိုးတိုးတက်ဖို့
သို့ကလိုပါပဲ ခရစ်
ဝတ်ပြုဆုတောင်းကြတဲ့
ကျေးစွာ ဝတ်စားဆင်ယ
ရဘူးတဲ့ ခင်ဗျာ။ ဘုရား
ကိုယ်ရေးကိုယ်တာတွေ
တယ်တဲ့ခင်ဗျာ။ စီးပွား
ရပ်နားပြီး ဘုရားရှိခိုး
ဆုတောင်းတဲ့အခါမှာလ
ချီးမွမ်းပြီး လိုအပ်တဲ့ကော
မိမိအတွက်သာမက
မင်းအစိုးရနဲ့ အကြီးအကဲ
ခရစ်ယာန်ဘာသာဝင်
ဩဝါဒအဆုံးအမနဲ့အည
သတ်မှတ်ပြဋ္ဌာန်းထားတဲ့
နိုင်ငံအစိုးရကို ပုန်ကန်
အဆုံးအမကို လိုက်န
ဘာသာရေးလုပ်ငန်းက
တွေကို လုပ်ခွင့်မပြုဘူး
ဟိန္ဒူဘာသာဝင်တွေ
တဲ့အခါမှာ လူတိုင်းဘုရာ
လွတ်စားသူ ကိုယ်ခန္ဓာ
ထားသူတွေကိုသာ အနီ
ရှိသူများသာ ဘုရားက
ဘုရားဝတ်ပြုဆုတောင်း
စီးပွားအတွက် ဝတ်ပြ
ဆောင်ရွက်ခွင့်ရှိပေမယ့်
စေတဲ့ ဆူညံမှုတွေကို
ဘာသာရေးကို ခုတုံးလု
ခွင့်မပြုဘူးတဲ့ခင်ဗျာ။
အဝတ်အစားများကို
ရတယ်ခင်ဗျာ
အခုလိုတွေ **ပေါက်**
ခရစ်ယာန်ဘာသာ၊ ဟိန္ဒ
ဝတ်ပြုဆုတောင်းမှုဆိုင်
နေ ရည်ညွှန်းနေရတဲ့အ
သင်းလိုက် အုံဖွဲ့ကျင်းဖွဲ့
နိုင်ငံရေးစတန့်အလုပ်
NLDဝေလေလေပါတီ
နားအထိ ကျောင်းသား
အနွယ်ဝင်မျိုးဆက်တွေရဲ့
တွေအထိတ်တလန့်ဖြစ်
အဖျက်လုပ်ရပ်ကို ဆ
ပါတယ် ခင်ဗျာ။
စဉ်းစားကြည့်ပေါ့ဗျ
တဲ့ ဘုရားဝတ်ပြုဆုတော
လက်ကျန် NLD ပါတီ
ဘုရားပေါ်တက် ဝတ်ပြ
အလုပ်တွေဟာ မဆီမ
သလိုမျိုး ပြည်သူတွေရဲ့
ကတော့ အမှန်ပဲခင်ဗျာ
ဘယ့်နှယ်ဗျာ **ဘုရ**
တိတ်တိတ်ဆိတ်ဆိတ် ဘု
စီးဖြန်းကြလုပ်နေကြတဲ့
အနှောင့်အယှက်ဖြစ်အော
တီရုပ်တွေဝတ်ပြီး ဆု
ဂုဏ်တော်အနန္တကို ဆင်
ဆောင်ရဲ့ မရှိတဲ့ဂုဏ်ပုဒ်
ရွတ်ဖတ်သရဇ္ဈာယ်မန်းမှု
ဘုရားအလုပ် တရားအ
ဖြစ်နေသလဲဆိုတာ ပေါ
ရှင်းရှင်းလေးပဲခင်ဗျ
လုပ်ငန်းနဲ့ နိုင်ငံရေးအ
ထွေးထွေးဖြစ်အောင်လုပ်
ကြီးဟာ နောက်ဆုံးတော
ဆိုပြီး ဆန္ဒပြကန့်ကွက်ရှ
ဘာသာရေးပဋိပက္ခလည်

လောကီကိစ္စအားလုံးစဉ်းစားခြင်း မပြုရဘဲ မိဘဆွေမျိုးအားလုံး စီးပွားချမ်းသာဖို့ အပြစ်ရှိရင် လွတ်ငြိမ်းခွင့်ပြုဖို့၊ မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ဖို့ ဝတ်ပြုဆုတောင်းရတယ်တဲ့ ခင်ဗျာ။

သို့ကလိုပါပဲ ခရစ်ယာန်ဘာသာဝင်တွေရဲ့ ခရစ်တော်ဆီမှာ ဝတ်ပြုဆုတောင်းကြတဲ့အခါမှာ အဝတ်အစားကို သိမ်မွေ့ ယဉ်ကျေးစွာ ဝတ်စားဆင်ယင်ရပြီး ဂုဏ်တု ဂုဏ်ပြိုင် မဝတ်ဆင်ရဘူးတဲ့ ခင်ဗျာ။ ဘုရားကျောင်းမှာ ဝတ်ပြုဆုတောင်းတဲ့အခါမှာ ကိုယ်ရေးကိုယ်တာတွေ မလုပ်ရဘဲ ဘုရားကိုပဲ အာရုံပြုလုပ်ရတယ်တဲ့ခင်ဗျာ။ စီးပွားရေး၊ လူမှုရေး၊ လောကီရေးကိစ္စအားလုံးကို ရပ်နားပြီး ဘုရားရှိခိုး ဝတ်ပြုဆုတောင်းကြတယ်ဗျာ။ ဝတ်ပြုဆုတောင်းတဲ့အခါမှာလည်း ထာဝရဘုရားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းပြီး လိုအပ်တဲ့ကောင်းချီး မင်္ဂလာကိုလည်း တောင်းခံကြတယ်။ မိမိအတွက်သာမက မိမိနေထိုင်တဲ့ နိုင်ငံဒေသကို အုပ်ချုပ်တဲ့ မင်းအစိုးရနဲ့ အကြီးအကဲများအတွက်လည်း ဆုတောင်းပေးတယ်။ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ ခရစ်တော်ရဲ့ မိန့်ဆိုထားတဲ့ ဩဝါဒအဆုံးအမနဲ့အညီ မိမိနေထိုင်တဲ့ နိုင်ငံအစိုးရကို ကူညီဖို့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို လိုက်နာစောင့်ထိန်းဖို့ နိုင်ငံအစိုးရကို ပုန်ကန်ဆန့်ကျင်တဲ့ အလုပ်ကို မလုပ်ကြဖို့ဆိုတဲ့ အဆုံးအမကို လိုက်နာကြရတယ်ဗျာ။ ဘုရားကျောင်းထဲမှာ ဘာသာရေးလုပ်ငန်းကလွဲလို့ အခြားနိုင်ငံရေး အခမ်းအနားတွေကို လုပ်ခွင့်မပြုဘူးတဲ့ခင်ဗျာ။

ဟိန္ဒူဘာသာဝင်တွေအနေနဲ့ကလည်း ဘုရားဝတ်ပြု ဆုတောင်းတဲ့အခါမှာ လူတိုင်းဘုရားနဲ့ အနီးကပ်ပူဇော်ခွင့်မပြုဘဲ၊ သက်သတ်လွတ်စားသူ ကိုယ်ခန္ဓာသန့်ရှင်းစွာနဲ့ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသူတွေကိုသာ အနီးကပ်ပူဇော်ခွင့်ပြုပါတယ်။ သီလသမာဓိရှိသူများသာ ဘုရားကျောင်းထဲကို နေ့စဉ်ဝင်ထွက်ခွင့်ပြုသလို ဘုရားဝတ်ပြုဆုတောင်းတဲ့အခါမှာလည်း ကိုယ့်လိုအင် ဆန္ဒအကျိုးစီးပွားအတွက် ဝတ်ပြုဆုတောင်းတာကို လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ရှိပေမယ့် ဘေးပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်စေတဲ့ ဆုညံမှုတွေကိုတော့ လုပ်ခွင့်မပြုဘဲ တားဆီးတယ်ဗျာ။ ဘာသာရေးကို ခုတုံးလုပ်တဲ့၊ အရောင်ဆိုးတဲ့ အလုပ်မျိုးတွေကို ခွင့်မပြုဘူးတဲ့ခင်ဗျာ။ ဘုရားဖူးလာသူတွေအနေနဲ့ ကိုယ့်ရိုးရာအဝတ်အစားများကို သေသေသပ်သပ်၊ သန့်ရှင်းစွာ ဝတ်ဆင်ရတယ်ခင်ဗျာ။

အခုလိုတွေ **ပေါက်စအနေနဲ့ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့က သတ်မှတ်ထားတဲ့ ဘုရားဝတ်ပြုဆုတောင်းမှုဆိုင်ရာ၊ ကျင့်ဝတ်စည်းကမ်းတွေကို ပြောနေဆိုနေ ရည်ညွှန်းနေရတဲ့အကြောင်းရင်းက ဘုရားပေါ်ကို အုပ်လိုက်သင်းလိုက် အုံဖွဲ့ကျင်းဖွဲ့တက်တက်လာပြီး ဘာသာရေးနဲ့မဆိုင်တဲ့ နိုင်ငံရေးစတန့်အလုပ်တွေကို ရှုပ်ရှုပ်ယှက်ယှက်လုပ်နေကြတဲ့ NLDဝေလေလေပါတီဝင်တွေ အသက်လေးဆယ်ကျော် ငါးဆယ်နားအထိ ကျောင်းသားအမည်ခံ လုပ်စားနေတဲ့ ၈၈ မင်းမဲ့ဝါဒီ အန္တယ်ဝင်မျိုးဆက်တွေရဲ့ ဘုရားရိပ်တရားရိပ်မှာ ဘုရားဖူးပြည်သူတွေအထိတ်တလန့်ဖြစ်အောင် ဆူဖို့၊ပူဖို့၊လှုံ့ဆော်နှောင့်ယှက်တဲ့ အဖျက်လုပ်ရပ်ကို ဆက်စပ်နှိုင်းယှဉ် စဉ်းစားနိုင်အောင် ဖြစ်ပါတယ် ခင်ဗျာ။**

စဉ်းစားကြည့်ပေါ့ဗျာ။ **ဘာသာကြီးလေးရပ်က သတ်မှတ်ထားတဲ့ ဘုရားဝတ်ပြုဆုတောင်းမှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွေနဲ့ လက်ကျန် NLD ပါတီဝင်များနဲ့ ၈၈မင်းမဲ့ဝါဒီ မျိုးဆက်များရဲ့ ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတယ်ဆိုတဲ့ နိုင်ငံရေးစတန့် အလုပ်တွေဟာ မဆီမဆိုင် သံဃာစင်ပေါ် မျောက်တက်ထိုင်နေသလိုမျိုး ပြည်သူတွေရဲ့အမြင်မှာ လုံးဝလက်ခံချင်စရာ မရှိတာကတော့ အမှန်ပဲခင်ဗျာ။**

ဘယ့်နှယ်ဗျာ **ဘုရားရိပ်၊ တရားရိပ်မှာ အေးအေးချမ်းချမ်း၊ တိတ်တိတ်ဆိတ်ဆိတ် ဘုရားဖူးကြ၊ ဆုတောင်းကြ၊ တရားဘာဝနာစီးဖြန်းကြလုပ်နေကြတဲ့ ဘုရားဖူးပြည်သူတွေကို အထိတ်တလန့် အနှောင့်အယှက်ဖြစ်အောင် ပါတီခေါင်းဆောင်အမျိုးသမီးပုံပါတဲ့ တီရှပ်တွေဝတ်ပြီး ဆုတောင်းဝတ်ပြုတော့လည်း ဘုရားရှင်ရဲ့ ဂုဏ်တော်အနန္တကို ဆင်ခြင်အောက်မေ့ကြရမယ့်အစား ပါတီခေါင်းဆောင်ရဲ့ မရှိတဲ့ဂုဏ်ပုဒ်တွေကို ကျယ်ကျယ်လောင်လောင်ကြီး ရွတ်ဖတ်သရဇ္ဈာယ်မန်းမှုတ်နေကြတော့ ဘုရားဖူးပြည်သူတွေရဲ့ ဘုရားအလုပ် တရားအလုပ်ကို ဘယ့်ကလောက် အနှောင့်အယှက်ဖြစ်နေသလဲဆိုတာ ပေါက်စအထူးမပြောလိုတော့ဘူးဗျာ။**

ရှင်းရှင်းလေးပဲခင်ဗျာ။ ဘာသာရေးလုပ်နေတဲ့ လောကုတ္တရာလုပ်ငန်းနဲ့ နိုင်ငံရေးအလုပ်ဖြစ်တဲ့ လောကီလုပ်ငန်းကို ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင်လုပ်ခဲ့တဲ့ သွားလေသူ ဝန်ကြီးချုပ်ဟောင်းကြီးဟာ နောက်ဆုံးတော့ သံဃာတော်တွေကလည်း လူလိမ်ကြီးဆိုပြီး ဆန္ဒပြကန့်ကွက်ရှုတ်ချတာကို ခံခဲ့ရသလို မလိုလားအပ်တဲ့ ဘာသာရေးပဋိပက္ခလည်း ဖြစ်ခဲ့တဲ့အထိ နိုင်ငံရေးနယ်ပယ်မှာရော ဘာသာရေးနယ်ပယ်မှာပါ အမည်းစက်ကြီးတင်နေခဲ့တာလည်း သမိုင်းသက်သေရှိနေသဗျ။

အခုလည်းကြည့်ဗျာ **ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းပုံတွေက ဘယ်ဘာသာဝင်တွေရဲ့ ဆုတောင်းဝတ်ပြုမှုဆိုင်ရာကျင့်ဝတ်စည်းကမ်းနဲ့မျှ မညီညွတ်တဲ့အပြင် ဘုရားပေါ်တက်လာတဲ့ ရည်ရွယ်ချက်ကလည်း ဘုရားအလုပ် တရားအလုပ်အားထုတ်ကျင့်ကြံဖို့ မဟုတ်ဘဲ ဘာသာရေးအရေခြုံနဲ့ အေးချမ်းစွာ ဆန္ဒပြသလေး၊ အကြမ်းမဖက်ဘူးလေးဆိုပြီး ကိုယ့်ပါတီခေါင်းဆောင်တွေကို အမွှမ်းတင်စည်းရုံးရင်း လူစုလူဝေးကြီးဖြစ်လာအောင် အဲဒီလူစုလူဝေးကြီးကို အမြတ်ထုတ်အသုံးချပြီး ဆူပူအုံကြွလာအောင် မင်းမဲ့စရိုက်ဘဉ်နဲ့ ကလိမ်ကကျစ် အကြံအဖန်တွေလုပ်ကြတာ ရှင်းရှင်းလေးမြင်နေရတယ်ဗျာ။**

အဲ--ပြောစရာရှိတာကို ပြောကြစတမ်းဆိုရင် ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှု ကာလတုန်းက ဘုရားရင်ပြင်တော်တွေမှာ သပိတ်စခန်းဖွင့်ပြီး ဆူပူသောင်းကျန်းခဲ့တာတွေ ဘုရားအလှူခံပုံးတွေကို မူးကြောင်ရူးကြောင်နဲ့ ရိုက်ခွဲပြီး သပိတ်ရန်ပုံငွေအဖြစ် သုံးခဲ့တာတွေ၊ ဘုံးခဲ့တာတွေဟာ ၈၈ မင်းမဲ့စရိုက်ရဲ့ အကုသိုလ်ကံကြီးထိုက်မယ့် ဒုစရိုက်အလုပ်တွေမဟုတ်လား ခင်ဗျာ။

ပေါက်စအပါအဝင် မြန်မာပြည်သူတွေကတော့ ရှင်းရှင်းလေးပဲ ခင်ဗျာ။ ၈၈မင်းမဲ့စရိုက်သောင်းကျန်းမှုဟာ ဒီမိုကရေစီကို ရိုးသားစွာ လိုလားကြတဲ့ ပြည်သူတွေကို မင်းမဲ့စရိုက်ထဲ ဆွဲယူ အသုံးချခဲ့တဲ့ လက်ဝဲလက်ယာ မြေပေါ်မြေအောက် အဖျက်လုပ်ငန်း အဖြစ် မေ့မရနိုင်သလို အဲဒီ မင်းမဲ့စရိုက် သောင်းကျန်းမှုကိုလည်း ဒီမိုကရေစီ အရေးတော်ပုံအဖြစ် ဂုဏ်ပြုချီးကျူးနေတာကိုလည်း လက်မခံနိုင်ကြပါဘူးခင်ဗျာ။ အဲသလိုပဲ ၈၈ မင်းမဲ့စရိုက် သောင်းကျန်းမှုထဲက ဖြစ်တည်ရှင်သန်လာခဲ့ကြတဲ့ ၈၈ မင်းမဲ့ဝါဒီ မျိုးဆက်တွေကိုလည်း ဘယ်သောကာလမျှ ယုံကြည် လက်ခံလို့ မရဘူးဆိုတာ ပေါက်စအပါအဝင် မြန်မာပြည်သူ ခုနစ်ရက် သားသမီးတို့ရဲ့ ဘဝနဲ့ရင်းနှီးလာခဲ့ရတဲ့ ဖြတ်သန်းမှုအတွေ့အကြုံပဲ ဖြစ်တယ်ခင်ဗျ။ တစ်ခုတော့ ရှိသပေါ့ဗျာ၊ ၈၈ မင်းမဲ့စရိုက် သောင်းကျန်းမှုကို ပြန်လည်ဆင်ခြင်ပြုပြင်ပြီး နိုင်ငံနဲ့ ပြည်သူအတွက် လက်တွေ့ကျကျ အကျိုးပြုလုပ်ငန်းတွေလုပ်လာကြတဲ့ ၈၈ မျိုးဆက်တွေကိုတော့ အမှားမြင်ပြီး အမှန်ပြင်သူတွေအဖြစ် နွေးထွေးလှိုက်လှဲစွာ ကြိုဆိုလိုက်ပါတယ်ခင်ဗျာ။

သို့ကလိုပါပဲ **နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေအရ နိုင်ငံတော်အစိုးရအနေနဲ့ သက်သက်ညှာညှာ ထိန်းသိမ်းထားတဲ့ ပါတီခေါင်းဆောင် အမျိုးသမီးကို လွှတ်ပေးဖို့ဆိုပြီး ပြည်တွင်းက လက်ကျန် NLDပါတီဝင်တွေနဲ့ ၈၈မင်းမဲ့ဝါဒီမျိုးဆက်တွေက ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတယ်ဆိုပြီး အကြံအဖန် နိုင်ငံရေးစတန့် လုပ်ပွဲတွေလုပ်ကြသလို ပြည်ပက အမေရိကန်အစိုးရအပါအဝင် နယ်ချဲ့ အုပ်စုဝင် နိုင်ငံအချို့နဲ့ သြဇာခံပြည်ပြေးဝရမ်းပြေး အကြမ်းဖက် သောင်းကျန်းသူတွေကလည်း အဲဒီ ပါတီခေါင်းဆောင်အမျိုးသမီးကို လွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးမှုပဲ မြန်မာနိုင်ငံကြီး နေ့ချင်းညချင်း နတ်ရေကန်ထဲချသလို ကောင်းစားလာတော့မယ်ဆိုတဲ့ မိုးချိုးလေချိုး၊ ပရမ်းပတာစကားတွေ ပြောကြဆိုကြတာတွေဟာ ပြောနေဆိုနေတဲ့ ပါးစပ်တွေမရှက်ပေမယ့် ကြားနေရတဲ့ ပေါက်စအပါအဝင် မြန်မာပြည်သူတွေရဲ့ နားတွေက ရှက်နေကြသဗျာ။**

ဘယ့်နှယ်ဗျာ အဲဒီ NLDပါတီခေါင်းဆောင်အမျိုးသမီးဟာ ဒီမိုကရေစီစတန့် အမျိုးမျိုးနဲ့ ရှာရိုးကိုးပေါက်လျှောက်ပြီး နိုင်ငံတော် အစိုးရနဲ့ တပ်မတော်ကို လုပ်ကြံပုတ်ခတ်ခဲ့တာတွေ၊ ဒီမိုကရေစီမော်ဒယ်ဂဲလ်ပုံစံမျိုးနဲ့ တစ်ကိုယ်တော်လမ်းလျှောက် ဆန္ဒပြခဲ့တာတွေ၊ အမေရိကန်အစိုးရက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ပင်တယ်ဆိုတဲ့ ဥပဒေကို အမေရိကန်သမ္မတ ကလင်တန်ရဲ့ ကြေညာချက်တောင်မဆုံးသေးဘူး အမေရိကန် အစိုးရက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ပင်တဲ့ ဥပဒေကို ကြိုဆိုတဲ့ အကြောင်း အိန္ဒြေမရ ထောက်ခံခဲ့တာတွေ ၁၉၉၆ခုနှစ် မြန်မာ့ခရီးသွားနှစ်မှာ နိုင်ငံတကာခရီးသွား ဧည့်သည်တွေ မလာကြဖို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရမှလာကြဖို့ ပိတ်ပင်ကန့်ကွက်နှောင့်ယှက်ခဲ့တာတွေ အမျိုးသားညီလာခံကြီး ပျက်စီးရာ ပျက်စီးကြောင်းအတွက် တရားမဝင်ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီဆိုတဲ့အဖွဲ့ကို ဖွဲ့ပြီး ဟိုဥပဒေဖျက်၊ ဒီဥပဒေ တရားမဝင်ဘူးဆိုပြီး ကြေညာချက်ထုတ်ခဲ့တာတွေ ပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်သောင်းကျန်းသူ ABSDF အဖွဲ့ဝင်တွေကို လက်ခံကျွေးမွေး မြှောက်ပင့်ပေးခဲ့တာတွေ၊ နိုင်ငံခြားသူလျှိုတွေက ပေးကမ်းထောက်ပံ့တဲ့ ဒေါ်လာ ၈၅၀၀၀ကို လက်သိပ်ထိုး လက်ခံရယူခဲ့တာတွေ စတဲ့ ပြောမဆုံးပေါင် တောသုံးထောင်မျှ ရှည်လျားများပြားတဲ့ နိုင်ငံတော်ရဲ့တည်ဆဲဥပဒေတွေကို ထင်သလို ကျူးလွန်ဖောက်ဖျက်ခဲ့တဲ့ NLD ပါတီခေါင်းဆောင်အမျိုးသမီးအတွက် အခုလို တပ်မတော်အစိုးရက သက်သက်ညှာညှာ အရေးယူတာကိုပဲ ဥပဒေမဲ့ တရားမဲ့ ဖမ်းဆီးထားလို့ လွှတ်ပေးရမယ်ဆိုတာဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာကို ထိပါးစော်ကားတာဖြစ်သလို သြဇာခံရုပ်သေးရုပ်အတွက် အားကြိုးမာန်တက် ဝင်ရောက်စွက်ဖက်နေတာတွေဟာ အရှက်မဲ့ သိက္ခာမဲ့တဲ့ လုပ်ရပ်တွေပဲ ဖြစ်တယ်ဗျာ။

> **ပြည်တွင်းက လက်ကျန် NLD ပါတီဝင် ဝေလေလေတွေနဲ့ ၈၈ မင်းမဲ့ဝါဒီ မျိုးဆက်တစ်စုက ဆူပူအုံကြွမှုဖြစ်အောင်NLDပါတီခေါင်းဆောင် ဆိုတဲ့ ဒီမိုကရေစီမင်းသမီး လွတ်မြောက်ရေးအတွက် ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတယ်ဆိုတဲ့ နိုင်ငံရေး စတန့်လုပ်ပွဲကို ပြည်သူတွေက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာကို လွှဲပြောင်းပေးအပ်တာဟာ လူအုပ်နဲ့ အကြမ်းဖက်မှုမဟုတ်ဘဲ ရိုးသားတဲ့ နိုင်ငံတည်ငြိမ် အေးချမ်းမှုကို အထိပါးမခံတဲ့ ပြည်သူတွေရဲ့ ဆန္ဒ အရင်းခံဖြစ်တယ်လို့ ပေါက်စ ရိုးရိုးရှင်းရှင်းလေး ယုံကြည်လက်ခံသဗျ။**

ပြည်တွင်းက လက်ကျန် NLD ပါတီဝင် ဝေလေလေတွေနဲ့ ၈၈မင်းမဲ့ဝါဒီမျိုးဆက်တစ်စုက ဆူပူအုံကြွမှု ဖြစ်အောင် NLD ပါတီခေါင်းဆောင်ဆိုတဲ့ ဒီမိုကရေစီမင်းသမီး လွတ်မြောက်ရေးအတွက် ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတယ်ဆိုတဲ့ နိုင်ငံရေးစတန့်လုပ်ပွဲကို ပြည်သူတွေက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာကို လွှဲပြောင်းပေးအပ်တာဟာ လူအုပ်နဲ့အကြမ်းဖက်မှုမဟုတ်ဘဲ ရိုးသားတဲ့ နိုင်ငံတည်ငြိမ် အေးချမ်းမှုကို အထိပါးမခံတဲ့ ပြည်သူတွေရဲ့ ဆန္ဒအရင်းခံဖြစ်တယ်လို့ ပေါက်စ ရိုးရိုးရှင်းရှင်းလေး ယုံကြည်လက်ခံသဗျ။

ဘာလို့လဲဆိုတော့ လူအုပ်နဲ့အကြမ်းဖက်တယ်ဆိုတာမျိုးက ၈၈ မင်းမဲ့စရိုက် သောင်းကျန်းမှုလို လူအုပ်နဲ့ အနိုင်ကျင့်ပြီး အပြစ်မဲ့ပြည်သူတွေကို အရှင်လတ်လတ် ခေါင်းဖြတ်သတ်တာတို့၊ ခေါင်းစီးအနီ လက်ပတ်အနီတွေနဲ့ တုတ်၊ ဓား၊ လှံတွေ ထမ်းပြီး တန်းစီချီတက်၊ တိုင်းပြည်ပျက်အောင် အစိုးရုံးဌာနတွေ၊ ပြည်သူပိုင်၊ သမဝါယမပိုင်ဆိုင်တွေ၊ ဂိုဒေါင်တွေ၊ ပြည်သူတွေရဲ့အိုးအိမ်တိုက်တာတွေကို မီးရှို့ဖျက်ဆီးခဲ့ကြတာတို့၊ အဲသဟာတွေအပြင် နောက်ဆုံး ကြံတောသင်္ချိုင်းက အုတ်ဂူတွေဖြိုချပြီး အုတ်တွေယူ သွပ်တွေခွာတဲ့အထိ သောင်းကျန်းဖျက်ဆီးတာမျိုးကသာ အကြမ်းဖက်လုယက်တာ ဖြစ်တယ်ခင်ဗျာ။

အဲ---ပေါက်စတို့ရဲ့ ဗုဒ္ဓဘုရားရှင် ဒေသနာအဆုံးအမစကားကို ကိုးကားရရင် **“လူတစ်ဦးချင်းစီ(အတ္တ)အနေနဲ့ မိမိကိုယ်ကို(သမ္မာ)ကောင်းစွာ(ပဏိဓိ)ဆောက်တည်ခြင်းဖြင့် ကိုယ်၊ နှုတ်၊ စိတ်အလုပ်သုံးပါးနဲ့ ပေါင်းဆုံတဲ့စေတနာက ကံဆိုတာဖြစ်ပေါ်လာပြီး အဲဒီကံတရားရဲ့ အဆိုးအကောင်းကို စေတနာက အဆုံးအဖြတ်ပေးတဲ့အတွက် စေတနာကောင်းရင်ကံကောင်းမှာဖြစ်သလို၊ စေတနာမကောင်းရင် ကံမကောင်း အကျိုးပေးမကောင်းနိုင်ဘူး”**လို့ ဆုံးမထားခဲ့တယ်ဗျာ။ ပါဠိစကားနဲ့ ပြောရရင် စေတနံ၊ ကမ္မံ၊ ဘိက္ခဝေလို့ ဆိုတယ်ဗျာ။ တစ်နည်း မြန်မာလိုအကျဉ်းသဘောပြောရရင် စေတနာနဲ့တူတဲ့ အကျိုးကို ခံစားရမယ်ဗျာ။

အခုလည်း လက်ကျန် NLD ပါတီဝင် ဝေလေလေတွေနဲ့ ရှစ်ဆယ့်ရှစ်မင်းမဲ့ဝါဒီတစ်စုရဲ့ ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတယ်ဆိုတဲ့ ဒီမိုကရေစီစတန့်အလုပ်ဟာ ဗုဒ္ဓမြတ်ဘုရားရဲ့ သာသနာကို ခုတုံးလုပ်အသုံးချပြီး ဘယ်ဘာသာဝင်တွေရဲ့ ဝတ်ပြုဆုတောင်းမှုကျင့်ဝတ်စည်းကမ်းနဲ့မျှ မညီညွတ်ဘဲ ကိုယ့်ပါတီကိုယ့်အုပ်စု ကိုယ့်ခေါင်းဆောင်ကောင်းစားရေးအတွက် ဘာသာဖျက်၊ သာသနာဖျက်၊ တိုင်းပြည်ဖျက်တဲ့ ဓမ္မန္တရာယ်အဖျက်စေတနာပဲဖြစ်လို့ အဲဒီစေတနာအရ အကျိုးပေးတာကတော့ ပြည်သူတွေရဲ့ ဆန့်ကျင်ဒဏ်ခတ်မှုအနေနဲ့ ဝိုင်းဝန်းထိန်းသိမ်းအရေးယူတာကို ခံလိုက်ရတာပဲဆိုပြီး ပေါက်စခံစားနားလည်းစွာနဲ့ **“စေတနံ၊ ကမ္မံ၊ ဘိက္ခဝေ”**ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမစကားကိုပဲ နားထဲမှာမရပ်မနား ကြားနေမိတဲ့အကြောင်း စလောင်းမတပ်ဘဲ မောင်းခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျ။ ။

13-6 (09) 1 6/12/07, 3:14 PM

စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ပူးပေါင်းမှု မြှင့်တင်ရန် ကူဝိတ်နှင့်အီရန်တို့ စိတ်အားထက်သန်လျက်ရှိ

ကူဝိတ်စီးတီး ဇွန် ၁၂

ကူဝိတ်နှင့် အီရန်နိုင်ငံတို့သည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် လူမှုရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ကူနာသတင်းဌာနက ဇွန်၉ ရက်၌ သတင်းထုတ်ပြန်သည်။

ကူဝိတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဂျက်ဆမ်အယ်ခါရာဖီနှင့် ကူဝိတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်လွှတ်တော်ဥက္ကဋ္ဌ ဂိုလမ်အလီဟက်ဒတ်အဒယ်တို့တွေ့ဆုံစဉ် ဂျက်ဆမ်အယ်ခါရာဖီက ပြောကြားခြင်းဖြစ်သည်ဟု ကူနာသတင်းဌာနမှ ဖော်ပြသည်။

စိတ်အားထက်သန်

ကူဝိတ်အစိုးရနှင့် ကူဝိတ်ပြည်သူများအနေဖြင့် အီရန်အစိုးရ၊ အီရန်ပြည်သူများနှင့် အကောင်းဆုံး ဆက်ဆံရေးရရှိရန် ဆောင်ရွက်သွားရေး စိတ်အားထက်သန်လျက်ရှိကြောင်း အယ်ခါရာဖီက ပြောကြားသည်။

တွန်းအားပေး

ထို့အတူ အီရန်နိုင်ငံနှင့်ဆက်ဆံရေး တိုးတက် ကောင်းမွန်စေရေးအတွက် ကူဝိတ်စော်ဘွား ရှိတ်ဆာဘတ်အယ်အာမက်အယ်ဂျာဘာအယ်ဆာဘတ်ကလည်း တွန်းအားပေးလျက်ရှိသည်။

ကြိုးစားဆောင်ရွက်

အီရန်နိုင်ငံနှင့်အတူ ဆက်ဆံရေး တိုးမြှင့်ပြီး နယ်ပယ်ကဏ္ဍအများအပြားတွင် သဘောတူမှုများရရှိရန် ကြိုးစားဆောင်ရွက်သွားမည်ဟု အယ်ခါရာဖီက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျီကျန်းပြည်နယ်ရှိ ကော်ဖီအိုးများပြုလုပ်သည့် လုပ်ငန်းခွင်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ဗုံးပေါက်ကွဲ

အန်ကာရာ ဇွန် ၁၂

တူရကီအရှေ့တောင်ပိုင်း ဆာနက်ပြည်နယ်တွင် ဇွန် ၉ရက်က ဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပေါက်ကွဲခဲ့

တရားမဝင် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)မှ တိုက်ခိုက်ရေးသမားများ ထောင်ထားသည့် အဝေးထိန်းဗုံးသည် ယင်းပြည်နယ် ဂတ်က်လူကိုနက်စ်ဒေသရှိ လမ်းမတစ်ခုပေါ်တွင် စစ်ယာဉ်တန်းဖြတ်သန်းစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခုတွင် ဆိုနီကုမ္ပဏီမှ အသစ်တီထွင် ထုတ်လုပ်လိုက်သော ဆယ်လ်လူလာဖုန်းကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်ကို အမေရိကန် တိုက်ခိုက်လာလျှင် ကမ္ဘာတစ်ဝန်းမှ အမေရိကန် အကျိုးစီးပွားအားလုံးထိခိုက်မည်

တီဟီရန် ဇွန် ၁၂

အမေရိကန်အစိုးရက အီရန်နိုင်ငံကို တိုက်ခိုက်လာလျှင် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်အကျိုးစီးပွားအားလုံး အန္တရာယ်ကြုံသွားမည်ဖြစ်ကြောင်း အီရန်ထိပ်တန်းအရာရှိတစ်ဦးက ဇွန် ၉ ရက်တွင် ပြောကြားလိုက်သည်ဟု ဖားစ်သတင်းဌာနက ကြေညာသည်။

အီရန် ခေတ္တ ဒုတိယပြည်ထဲရေးဝန်ကြီးမိုဟာမက်ဇူဂါဒါက ဆက်လက်ပြောကြားရာ၌ လွန်ခဲ့သည့် ၂၈ နှစ်ကတည်းက အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အင်အားကြီးမားမှုကို လိုက်မီရန် ကြိုးပမ်းယှဉ်ပြိုင်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားသည်။

ရေနံဈေးနှုန်းတက်နိုင်

ယခုအခါတွင် ဒေသတွင်းရှိ အမေရိကန်အခြေစိုက်စခန်းအားလုံး မိမိတို့၏ တာလတ်ပစ်လက်နက်ပစ်ကွင်း အတွင်း၌ရှိကြောင်း၊ ဒေသတွင်း လုံခြုံရေးနှင့်တကွ ဟော်မုဇ်ရေလက်ကြား၊ ပင်လယ်ကွေ့လုံခြုံရေးတို့ကို ထိပါးလာလျှင် ရေနံဈေးနှုန်းသည် တစ်စည်လျှင် ဒေါ်လာ ၂၅၀ အထိ တက်သွားနိုင်ကြောင်း၊ အဓိပ္ပာယ်မှာ ဥရောပတိုက်သားများနှင့် အမေရိကန်တို့၏ စီးပွားရေးနှင့် လုံခြုံရေးပြိုကွဲပျက်စီးသွားမှာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်ရှိ ရေနံတူးဖော်ရေးလုပ်ငန်းခွင် တစ်နေရာကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုဖြစ်ပွား

ကဘူးလ် ဇွန် ၁၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇဘူးလ် ပြည်နယ်၌ တာလီဘန်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင် ၂၇ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇဘူးလ်ဒေသသည် တာလီဘန်အကြမ်းဖက်သမားများ တိုက်ခိုက်မှုအများဆုံး ဖြစ်ပွားရာဒေသဖြစ်သည်။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ တာလီဘန် စစ်သွေးကြွများ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ နှစ်စဉ် မိုးခေါင်မှုကြောင့် သီးနှံအထွက်တန်ချိန် သန်း ၃၀ လျော့နည်းခဲ့ရ

တာရန် ဇွန် ၁၂

တရုတ်နိုင်ငံ၌ နှစ်စဉ် လယ်မြေဟက်တာ ၂၆ ဒသမ ၇ သန်းခန့်မှာ မိုးခေါင်မှုဒဏ်ကို ခံစားခဲ့ရပြီး သီးနှံထွက်ရှိမှုတန်ချိန် သန်း ၃၀ ခန့် လျော့နည်းခဲ့ရကြောင်း စိုက်ပျိုးရေးအရာရှိတစ်ဦးက ပြောကြားသည်။

တိုးမြှင့်ရန်လိုအပ်

စိုက်ပျိုးရေးလုပ်ငန်းများအတွက် နိုင်ငံတစ်ဝန်း ရေပေးဝေမှု၏ ၆၄ ရာခိုင်နှုန်းကို အသုံးပြုထားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ရေထိန်းသိမ်းမှုနည်းပညာများ အသုံးချမှုကို တိုးမြှင့်ရန်လိုအပ်ကြောင်း ရှန်စီပြည်နယ် ချန်ကျီမြို့တွင်ကျင်းပသော လယ်ယာမြေ ရေထိန်းသိမ်းမှုဆိုင်ရာ အစည်းအဝေးတွင် စိုက်ပျိုးရေး ဒုတိယဝန်ကြီး ဝီချိုအန်က ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂွမ်တာနာမိုအကျဉ်းစခန်း အမြန်ဆုံးပိတ်သင့် ကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ပြောကြား

ဝါရှင်တန် ဇွန် ၁၂

ပြည်ပအကြမ်းဖက်သမား သံသယရှိသူများအတွက် ဖွင့်လှစ်ထားသော ဂွမ်တာနာမို အကျဉ်းစခန်းကို ချက်ချင်းပိတ်သင့်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကောလင်းပါဝဲလ်က ဇွန် ၁၀ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

၂၀၀၃ခုနှစ်က အီရတ်ကို အဖျက်စွမ်းအားကြီး လက်နက်များပိုင်ဆိုင်မှုဖြင့် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သူ ကောလင်းပါဝဲလ်က ကျူးဘားနိုင်ငံရှိ အငြင်းပွားဖွယ် အဆိုပါအကျဉ်းစခန်းသည် အမေရိကန်နိုင်ငံအတွက် အဓိကပြဿနာဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဂွမ်တာနာမိုအကျဉ်းစခန်း၌ သံသယရှိ နိုင်ငံခြားသားအကြမ်းဖက်သမား ၃၈၀ကို ဖမ်းဆီးထိန်းသိမ်းထားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဖိလစ်ပိုင်၌ ခရီးသည်တင်သင်္ဘော မီးလောင် ငါးဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရရှိ

မနီလာ ဇွန် ၁၂

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ဇွန် ၁၀ ရက်က ခရီးသည် ၂၀၀ကျော် စီးနင်းလိုက်ပါလာသော ခရီးသည်တင်သင်္ဘောတစ်စီး မီးလောင်မှု ဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း ကမ်းရိုးတန်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်

အမ်ဗွီကာတာရန်အမည်ရှိ အဆိုပါသင်္ဘောသည် မင်ဒိုရိုကျွန်းနှင့် ပါလာဝန်ကျွန်းတို့ကို ပြေးဆွဲနေစဉ် ဇွန် ၁၀ ရက် နံနက် ၈ နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းရိုးတန်း လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူငါးဦးတွင် အဘိုးအိုတစ်ဦးနှင့် ကလေးငယ်တစ်ဦးပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဇီဝိတဒါနသံဃာ့ဆေးရုံ (တောင်ကြီး)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ တောင်ကြီးပညာရေးကောလိပ်မှ ဆရာ ဆရာမများ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တောင်ကြီးမြို့ပေါ်မှ မြို့မိ မြို့ဖများ၊ အလှူရှင်မိသားစုများ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ၊ တောင်ကြီးမြို့ အမှတ်(၃) နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့ဝင်များနှင့် ပုသိမ်ထီး အကအဖွဲ့ဝင် ကျောင်းသူလေးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဇီဝိတဒါနသံဃာ့ဆေးရုံ (တောင်ကြီး)ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်များကို အဆိုပါဆေးရုံ ရှေ့မျက်နှာစာ၌ ကျင်းပရာ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ စိုင်းခမ်းလှိုင်က ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး) နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက်ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးတို့က ဖဲကြိုးဖြတ်၍ ဇီဝိတဒါနသံဃာ့ဆေးရုံ (တောင်ကြီး)ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ခလုတ်နှိပ်၍ ဇီဝိတဒါနသံဃာ့ဆေးရုံ (တောင်ကြီး) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်ဝန်ကြီးများက ကမ္ပည်းမော်ကွန်း ကျောက်စာချပ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဇီဝိတဒါန သံဃာ့ဆေးရုံ (တောင်ကြီး) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တပ်ဆင်ထား

အဆိုပါ ဇီဝိတဒါနသံဃာ့ ဆေးရုံ (တောင်ကြီး)တွင် ရောဂါရှာဖွေရေး စက်ကိရိယာများအနေဖြင့် ဓာတ်မှန်ရိုက်စက်နှစ်လုံး၊ သွားဓာတ်မှန်ရိုက်စက်တစ်လုံး၊ Ultra Sound နှစ်လုံး၊ အစာအိမ်နှင့် အူလမ်းကြောင်းကြည့် အင်ဒိုစကုပ်မှန်ပြောင်း၊ နှလုံးစမ်းသပ်သည့် (ECG) စက်နှစ်လုံး၊ ဆီး၊ ဝမ်း၊ သွေး၊ သလိပ်စသည်တို့ကို ဓာတ်ခွဲပေးသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သားအိမ်ခေါင်းကြည့်မှန်ပြောင်း၊ ကောလိုစကုပ်မှန်ပြောင်းနှင့်သားအိမ်အတွင်းပိုင်းကြည့် ဟစ်စတိုဆိုနိုဂရမ်၊ မျက်စိရောဂါရှာဖွေရေးစက်ကိရိယာများကို တပ်ဆင်ထားသည်။

ထို့အပြင် ခွဲစိတ်ခန်းနှစ်ခန်းနှင့် အထွေထွေရောဂါများ ခွဲစိတ်ကုသပေးသော ခွဲစိတ်ပစ္စည်းကိရိယာများ၊ မျက်စိခွဲစိတ်ပစ္စည်းကိရိယာများ၊ အောက်စီဂျင်ပေးကိရိယာများ၊ ချွဲစုပ်စက်နှင့် ချွဲပျော်စက်၊ Nabulizer စက်နှစ်လုံးကိုလည်း တပ်ဆင်ထားရှိသည်။

၎င်းအပြင် သံဃာတော်များနှင့် သီလရှင်များအတွက် ပရိဘောဂနှင့် ခုတင်၊ မွေ့ရာ၊ စောင်များထားရှိပြီး အရေးပေါ် မီးစက်အသုံးပြုနိုင်ရန် ၁၀၀ KV လျှပ်စစ်ထရန်စဖော်မာ၊ ၆၅ ဒသမ ၇၅ KV လျှပ်စစ် မီးစက်ကြီးတစ်လုံးနှင့် ၁၀ KV မီးစက်တစ်လုံး ထားရှိပေးထားသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံ (တောင်ကြီး)က ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံသို့ လေ့လာရေးအဖွဲ့များ အကြိမ်ကြိမ်စေလွှတ်ခဲ့ပြီး ရန်ကုန်မြို့ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံနည်းတူ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါဆေးရုံတွင် ရဟန်းသံဃာတော်များနှင့် သီလရှင်များအား ဆေးဝါးကုသမှုအခမဲ့၊ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ အခမဲ့ဖြင့် အတွင်းလူနာ၊ အပြင်လူနာများအား ၂၄နာရီ အချိန်ပြည့် ကုသပေးသွားမည်ဖြစ်သည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်ဒုတိယပိုင်းကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင်ယခုဖွင့်လှစ်သည့် ဇီဝိတဒါန သံဃာ့ဆေးရုံသည် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားရေးကို ကြိုးပမ်းလုပ်ဆောင်နေကြသည့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာ၊ သီလရှင်များအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ကုသိုလ်ဒါနကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် သာသနာတော်အတွက်ရော၊ ကျန်းမာရေးကဏ္ဍအတွက်ပါ အထူးဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ဘက်စုံထောင်စုံ ကဏ္ဍစုံမှ အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် နယ်မြေဒေသ အသီးသီးတွင် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ပညာရေးကဏ္ဍ၌ တိုင်းရင်းသား ပြည်သူများ မိမိဒေသတွင်း အဆင့်မြင့်ပညာကိုလည်း အိုးမကွာ၊ အိမ်မကွာ သင်ကြားဆည်းပူးခွင့်ရရှိနိုင်ရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီးများတွင် တက္ကသိုလ် အသီးသီးကို ဖွင့်လှစ်ထူထောင်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ပြည်နယ်၊ တိုင်းဒေသအသီးသီးတွင် ဖွင့်လှစ်ထူထောင်ပေးခြင်းဖြင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အနာဂတ် တိုင်းရင်းသားလူငယ်များက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းပကားမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု နိုင်ငံတော်မှ မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ကျေးဇူးတင်ရှိ

ကျန်းမာရေးကဏ္ဍအနေဖြင့် ကြည့်မည်ဆိုပါကလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများ၌ ဆေးရုံကြီးများ ဖွင့်လှစ်ထူထောင်ပေးခြင်း၊ နယ်မြေဒေသများ၌ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ခေတ်မီဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းဆောင်ရွက်ပေးခြင်းတို့ကို စီမံချက်ချမှတ်၍ အဆင့်အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်မှ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးတို့ကို ဒေသခံပြည်သူတို့နှင့် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်အခါသမယတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ယခုကဲ့သို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့်၊ ဒေသခံ ကျန်းမာရေးစေတနာရှင်များ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံ သစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ထူထောင်နိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် နိုင်ငံတော်အစိုးရကိုယ်စား အထူးဝမ်းမြောက်ဂုဏ်ယူပါသည်ဟုပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ ဖြူစင်သန့်ရှင်းသော စေတနာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်တည်ဆောက်နေခြင်းအပေါ် တိုင်းရင်းသားပြည်သူများမှ ယုံကြည်အားကိုးစွာ အပြည့်အဝ ပူးပေါင်းပါဝင်လာခြင်းပင် ဖြစ်သည်ဟုလည်း ယုံကြည်မိကြောင်း။ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါသည်ဟုလည်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

– ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဆေးရုံကြီးအပေါ် ယုံကြည်စိတ်ချ အားကိုးလာအောင် စီမံလုပ်ဆောင်ကြပါ။
– ဇီဝိတဒါနသံဃာ့ဆေးရုံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်စေတနာရှင်၊ အလှူရှင်များ၏ အားကို စည်းရုံး ကြိုးပမ်းဆောင်ရွက်ကြပါ။
– ယခုကဲ့သို့ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး ပူးပေါင်း ကြိုးပမ်း ဆောင်ရွက်ကြသကဲ့သို့ အခြားဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကဏ္ဍများ၌လည်း တိုင်းရင်းသား ညီအစ်ကို မောင်နှမအားလုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး မျိုးချစ်စိတ်ဓာတ်ဖြင့် အားလုံး ပူးပေါင်းကြိုးပမ်း ပါဝင်ဆောင်ရွက်ကြပါ

ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ဇီဝိတဒါနသံဃာ့ဆေးရုံကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌဦးအောင်ကိုဝင်းမိသားစုမှ ၁၉၉၉ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် ကမ္ဘောဇ အထူးကုဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့် ဆေးရုံတစ်ခုဖြစ်ကြောင်း၊ ဆေးရုံကို သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ၂၀၀၇ခုနှစ် ဧပြီလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ခရီးစဉ်တွင် လမ်းညွှန်ချက်ခံယူပြီး ဇီဝိတဒါန သံဃာ့ဆေးရုံအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း။

အဆိုပါလမ်းညွှန်ချက်အရ တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ပြည်နယ်ကျန်းမာရေးမှူးနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ (ပထမတန်း) ဦးစီးသည့် လွှဲပြောင်း/လက်ခံရေးအဖွဲ့ကို ဖွဲ့စည်းကာ ၂၀၀၇ ခုနှစ် မေ ၁၅ ရက်တွင် လွှဲပြောင်းလက်ခံခဲ့ခြင်းဖြစ်ကြောင်း။

ဆေးရုံကို လက်ခံပြီးစီးသည့်နောက်တွင် သံဃာ့ဆေးရုံအဖြစ် အဆောက်အအုံအတွင်း/အပြင်ပြင်ဆင်မှု၊ ဆွမ်းချက်ဆောင် တည်ဆောက်မှု လုပ်ငန်းများကိုဌာနဆိုင်ရာများပူးပေါင်း ပါဝင် ပြင်ဆင်တည်ဆောက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် သံဃာ့ဆေးရုံ လုပ်ငန်းများ ဖွဲ့စည်းလည်ပတ်နိုင်ရေးအတွက် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လေ့လာရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး မေ ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ သွားရောက်လေ့လာစေခဲ့ကြောင်း၊ ယင်းလေ့လာချက်များအရ ဆေးရုံလုပ် ငန်းပိုင်းဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ အပါအဝင် လုပ်ငန်းအဖွဲ့ အသီးသီးနှင့် ဝန်ထမ်းများရွေးချယ်ခန့်ထားရေးကို ဇွန်လဆန်းမှစပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဆေးရုံတွင် ခွဲစိတ်ခန်းနှစ်ခန်း နှင့် ခွဲစိတ်ကိရိယာများ အပါအဝင် အထွေထွေရောဂါ အမျိုးမျိုးကို ကုသနိုင်သည့် အထူးခန်းများ ပါရှိပြီး သံဃာတော် ၇၅ ပါးနှင့် သီလရှင် ၂၅ ပါး စုစုပေါင်း ခုတင် ၁၀၀ ဆံ့ လူနာများလက်ခံ ကုသနိုင်သည့် ဆေးရုံတစ်ခုဖြစ်ကြောင်း။

ကောင်းစွာဆောင်ရွက်

ယခုကဲ့သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ လမ်းညွှန်မှု၊ စေတနာရှင် ကမ္ဘောဇဘဏ်လီမိတက် မိသားစု၏ လှူဒါန်းမှု၊ အသီးသီးသော ကုသိုလ်ရှင်၊ စေတနာရှင်များ၏ စေတနာသဒ္ဓါ ထက်သန်မှုတို့ဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံဖြစ်တည်လာခြင်းမှာ ဒေသခံ ရဟန်းရှင်လူ ပြည်သူများအတွက် ဝမ်းမြောက်အားတက်ဖွယ်ရာဖြစ်ကြောင်း၊ သံဃာ့ဆေးရုံဖြစ်ပေါ်လာသည့်အတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာသုံးရပ် အရှည်တည်တံ့အောင် စွမ်းဆောင်နေသည့်ဆရာတော်၊သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ပြီး ဒေသခံပြည်သူများ အနေဖြင့်လည်း ဗုဒ္ဓတရား၏အဆုံးအမ များဖြင့် လမ်းကောင်းလမ်းမှန်ကို ခံယူနိုင်ကြပြီး မိမိအကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံတော်အကျိုးကို လောကမွေနှစ်ဖက် မျှလျက် ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးတို့က နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော သာသနာရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်ဂုဏ်ပြုစကား ပြန်လည်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အလှူရှင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌဦးအောင်ကိုဝင်းက ဆေးရုံလှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ကမ္ဘောဇဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာက ဆေးရုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဆေးပဒေသာပင်အတွက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၁၂၀၊ ကမ္ဘောဇဘဏ် လီမိတက်မိသားစုက ငွေကျပ် သိန်း ၁၀၀၀၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း၅၀၀၊ ပတ္တမြားနဂါးကုမ္ပဏီ လီမိတက်က ငွေကျပ် သိန်း၅၀၀၊ ဒေင်အုပ်စုကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ငွေဆင်ကုမ္ပဏီက ငွေကျပ်သိန်း၅၀၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း၅၀၀၊ ဦးထွန်းထွန်းစိန်က ငွေကျပ်သိန်း၁၀၀၊ ဦးစိန်သန်းဦးက ငွေကျပ်သိန်း၁၀၀၊ ဦးအားလိန်ကော့က ငွေကျပ်သိန်း၁၀၀၊ မိုင်းတုံမော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးစောနိုင်က ငွေကျပ်သိန်း၄၀၊ အေကေ ရောင်းဝယ်ရေးမှ ဦးအေးကျော်က ငွေကျပ်၂၅သိန်း၊ ရတနာထွန်းကုမ္ပဏီမှ ဦးစိုင်းထွန်းမြ မိသားစုက ငွေကျပ်သိန်း ၂၀၊ ဒေါက်တာအောင်မြင့် (အငြိမ်းစား ကလေးအထူးကု ဆရာဝန်ကြီး)က ငွေကျပ်ငါးသိန်း၊ပုညာသုခဆွမ်းကျောင်းအသင်းက ငွေကျပ် သုံးသိန်း၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးအဖွဲ့က ငွေကျပ် ၁၅သိန်း၊ စတုဘုမ္မိကကျောင်းတိုက်မှ ဦးသုန္ဒရက ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် သိန်းပေါင်း ၄၃၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည်တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကုသမှုခံယူ

ယနေ့ဖွင့်လှစ်လိုက်သည့် ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)မှာ ရဟန်းသံဃာ ၇၅ပါးနှင့် သာသနာနွယ်ဝင်သီလရှင် ၂၅ပါးတို့ တက်ရောက်ဆေးဝါးကုသမှုခံယူနိုင်သည်။

အဆိုပါ ဇီဝိတဒါနသံဃာ့ဆေးရုံ (တောင်ကြီး)သည် ဆေးရုံမြေနေရာ၊ အဆောက်အအုံ၊ ပရိဘောဂများနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ၏ တန်ဖိုး စုစုပေါင်းမှ ယခင်ဈေးအရ ငွေကျပ် သိန်းပေါင်းတစ်သောင်းခြောက်ထောင် တစ်ရာ နှစ်ဆယ့်ခုနစ်သိန်းကျော်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အဘိဓမ္မာခုနစ်ကျမ်း အောင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင် စာသင်တိုက်ကြီး၌ ဇွန် ၁၅ ရက် (သောကြာနေ့) နံနက် ၈ နာရီမှစ၍ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဆိုပူဇော်ပြီး ၂၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီ၌ အဘိဓမ္မာခုနစ်ကျမ်းအောင်ပွဲ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဝတ်စုံလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ရာအလှူရှင်များကိုယ်တိုင်ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားထားသည်။

(က–ပ)

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်တေးဖွဲ့သီ ဟောပြောတင်ဆက်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့က ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကျင်းပသော 'မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်တေးဖွဲ့သီ' ဟောပြောတင်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမဦးကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံသမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံနှင့် အဖွဲ့ချုပ်၏ လုပ်ရှားဆောင်ရွက်မှုများနှင့် မြန်မာ့ဂီတလောကတွင် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် 'မြန်မာ အမျိုးသမီးတို့၏ ဂုဏ်ရည်တေးဖွဲ့သီ' ဟောပြောတင်ဆက်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာအမျိုးသမီးတို့၏ ရိုးရာဓလေ့ထိန်းသိမ်းမှု၊ ပညာဉာဏ်မြင့်မားမှု၊ ဣန္ဒြေသိက္ခာကြီးမားမှု၊ ပင်ကိုအလှနှင့်အားမာန်တက်ကြွမှုများကိုရေးဖွဲ့သီကုံးထားသည့် မြန်မာတေးသီချင်းများကို အဆိုတော်များဖြစ်ကြသည့် တင်တင်မြ၊ ထား၊ ရီရီသန့်၊ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့၊ မေဘရဏီခိုင်တို့က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ဒုတိယနှစ်ဝက် ပြန်လည်ဖွင့်မည်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ သာစုပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်လျက်ရှိသော ၂၀၀၆–၂၀၀၇ ခု ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ပညာသင်နှစ်၏ ဒုတိယနှစ်ဝက်ကို ဇွန် ၁၅ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာဒေါ်ခင်မြဝင်းနှင့် အဖွဲ့သည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် တကောင်းလမ်းရှိ မြသိန်းတန်ဓမ္မာရုံသို့ ရောက်ရှိပြီး ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာဒေါ်ခင်မြဝင်းက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းဆွေးနွေး၍ အလုပ်အမှုဆောင် ဒေါက်တာသန်းဦးက 'ရင်သွေးငယ်တို့ ကျန်းမာဖို့ သွေးလွန်တုပ်ကွေးကို တိုက်ဖျက်စို့' ဟူသော ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြနှင့် ဒေါ်ခင်နွယ်နွယ်တို့က ခြင်ထောင်များနှင့် သွေးလွန်တုပ်ကွေး အသိပညာပေးပိုစတာများ ပေးအပ်လှူဒါန်းရာ တောင်ဥက္ကလာပမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက လက်ခံသည်။ အဆိုပါဟောပြောပွဲသို့ တောင်ဥက္ကလာပမြို့နယ်နှင့် ရပ်ကွက်များမှ အသင်းဝင်များ၊ မိဘပြည်သူများနှင့် လူငယ်လူရွယ်များ စုစုပေါင်း အင်အားနှစ်ရာ တက်ရောက်ကြသည်။

ဟောပြောပွဲအပြီးတွင် အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် တကောင်းလမ်းအတွင်းရှိ နေအိမ်များ၊ မူလတန်းကြိုကျောင်းနှင့် တကောင်း ၄ လမ်း အတွင်းရှိ အမက ၁၃ တို့တွင်သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှု အားပေးကူညီဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်ရဲစခန်းအား တိုက်ခိုက်

ကဘူးလ် ဇွန် ၁၂

အာဖဂန်နစ္စတန်နိုင်ငံ နမ်ဂါဟာပြည်နယ်အရှေ့ပိုင်း၌ ဇွန် ၁၁ရက်က အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်ရဲစခန်းအား မှားယွင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးသွားကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်ခဲ့

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဇွန် ၁၁ ရက် ညပိုင်းက ပထမဆုံးအကြိမ်အဖြစ် နမ်ဂါဟာပြည်နယ်ရှိ လုံခြုံရေးစခန်းကို မြေပြင်နှင့် လေကြောင်းတို့မှ တိုက်ခိုက်ခဲ့ကြောင်း အာဖဂန်ရဲအဖွဲ့က ပြောကြားသည်။

ဟားမတ်စ်နှင့် ဖာတာတို့တိုက်ပွဲဖြစ် ဂါဇာမြို့လမ်းများပေါ်တွင် ၁၆ ဦး သေဆုံး

ဂါဇာ ဇွန် ၁၂

ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသ၌ ဇွန် ၁၂ ရက်က ပြိုင်ဘက်ဖာတာတို့အား စတင်တိုက်ခိုက်မှု ပြုလုပ်လာသဖြင့် အကြမ်းဖက်မှုမှာ ဆိုးရွားလာသည့် အနေအထားသို့ ရောက်ရှိလာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆက်တိုက်ခိုက်

ဖာတာတို့ ဂါဇာရှိ ယင်းတို့၏ စခန်းမှ ထွက်ခွာသွားပြီး နှစ်နာရီအကြာတွင် ရာပေါင်းများစွာသော ဟားမတ်စ်တိုက်ခိုက်ရေးသမားများက စတင်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

သေဆုံး

ထိုသို့ တိုက်ခိုက်မှုများကြောင့် ၂၄ နာရီအတွင်း ဂါဇာမြို့လမ်းများပေါ်တွင် လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာများရရှိ

ရန်ကုန် ဇွန် ၁၂

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မြောင်းဦးရွာနေ ဦးလှဟန်သည် ဇွန် ၉ ရက်က မြောင်းဦးရွာအရှေ့ဘက် တိုက်ဝါးတောအနီးတစ်ဝိုက်၌ ဝါးခုတ်နေစဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ဝဲခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့မှုကြောင့် မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ၏ အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ယူသွားမှုကြောင့် ကရင်ပြည်နယ် ဇင်းဘုံကျေးရွာမှ ရွာသူရွာသားအများစု ဒုက္ခသည်စခန်းများသို့ ရောက်ရှိသွားခဲ့

ဒုက္ခသည်စခန်းသို့ မလိုက်လိုသဖြင့် လျှို့ဝှက်ထွက်ပြေးရောက်ရှိလာသော ရွာသူရွာသားများအား တပ်မတော်၊ ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက နေထိုင်စားသောက်ရေးနှင့် လိုအပ်သည်များကူညီပံ့ပိုးပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၂

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ၎င်းတို့ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားအောင်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများကို ၎င်းတို့ဩဇာသက်ရောက်သည့် နေရာဒေသများနှင့် ဒုက္ခသည်စခန်းဆိုသည်များသို့ အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ယူရွှေ့ပြောင်းခြင်းများ လုပ်ဆောင်လျက်ရှိကြသည်။

အကျပ်ကိုင်ခြိမ်းခြောက်

ဇွန် ၇ ရက်က ကရင်ပြည်နယ် သံတောင်မြို့နယ်အတွင်းရှိ ဇင်းဘုံကျေးရွာမှ ရွာသူရွာသား ၅၈ ဦးတို့သည် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက နယ်စပ်ဒေသတစ်ဖက်ကမ်းရှိ ဒုက္ခသည်စခန်းဆိုသည်များသို့ လိုက်ပါရွှေ့ပြောင်းနေထိုင်ရန် အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ယူခဲ့ရာ လိုက်ပါလိုခြင်းမရှိကြသည့်အတွက် လျှို့ဝှက်ထွက်ပြေးလာခဲ့ပြီး ပဲခူးတိုင်း ထန်းတပင်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်အစပ်ရှိ သပြေညွန့်စုစည်းကျေးရွာသို့ ရောက်ရှိလာခဲ့ကြကြောင်း သိရှိရသည်။

ထပ်မံရောက်ရှိလာနိုင်

အဆိုပါရွာသူရွာသားများ၏ ပြောကြားချက်အရ ၎င်းတို့၏ မူလက ဇင်းဘုံကျေးရွာတွင် အိမ်ထောင်စု ၂၀၊ လူဦးရေ ၂၀၀ ခန့် နေထိုင်ခဲ့ကြကြောင်း၊ လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက နယ်စပ်အနီးသို့ ရွှေ့ပြောင်းနေထိုင်ရန် သို့မဟုတ် နယ်စပ်တစ်ဖက်ကမ်းရှိ ဒုက္ခသည်စခန်းဆိုသည်များသို့ ရွှေ့ပြောင်းနေထိုင်ရန် အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ယူမှုများပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဇင်းဘုံရွာသူရွာသားအများစုမှာ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ယူမှုကြောင့် နယ်စပ်ဒေသတစ်ဖက်ကမ်းရှိ ဒုက္ခသည်စခန်းဆိုသည်များသို့ ပါရှိသွားခဲ့ကြကြောင်း၊ ယခုရောက်ရှိလာသည့် မိမိတို့အဖွဲ့အနေဖြင့်မူ အကြမ်းဖက်သောင်းကျန်းသူများခေါ်ဆောင်ရာသို့ လိုက်ပါလိုခြင်းမရှိသည့်အတွက် ဇင်းဘုံကျေးရွာမှ ရွှေ့ပြောင်းပြီး ရွာပုန်းများ တွင် တောင်ယာလုပ်ကိုင်စားသောက် နေထိုင်ခဲ့ကြကြောင်း၊ ယခုအခါ ၎င်းတို့နေထိုင်ရာရွာပုန်းသို့ သောင်းကျန်းသူအဖျက်သမားများ ထပ်မံလာရောက်ကာ ၎င်းတို့နောက်သို့လိုက်ပါရန် အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ဆိုခဲ့ပြန်ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့အား မယုံကြည်သည့်အပြင် လိုက်ပါလိုခြင်းလည်းမရှိသောကြောင့် ပစ္စည်းများသိမ်းဆည်းပြီးလိုက်ပါပါမည်ဟု ၎င်းတို့အားလှည့်စားကာ လျှို့ဝှက်ထွက်ပြေးလာခဲ့ကြခြင်းဖြစ်ကြောင်း၊ နောက်ထပ်လည်း သောင်းကျန်းသူအဖျက်သမားများ အကျပ်ကိုင်ခြိမ်းခြောက်ခေါ်ယူရာသို့ လိုက်ပါလိုခြင်းမရှိသည့် အခြားသောရွာများမှ ရွာသူရွာသားများလည်း ထပ်မံရောက်ရှိလာနိုင်ကြောင်း သိရှိရသည်။

ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေး

ထိုကဲ့သို့ ဝင်ရောက်လာကြသည့် ဇင်းဘုံကျေးရွာမှ ရွာသူရွာသားများအား တပ်မတော်၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက နေထိုင်ရေး၊ စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့နှင့် လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရင်ခုန်ဖွယ်ရာလာလီဂါဖလားနှင့် ဥရောပချန်ပီယံလိဂ်

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

မက်ဒရစ် ဇွန် ၁၂

စပိန်လာလီဂါ ဘောလုံးပွဲစဉ်များ မကြာမီ ပြီးဆုံးတော့မည်ဖြစ်သည်။ ၂၀၀၆–၂၀၀၇ခုနှစ် လာလီဂါဖလားအတွက် နောက်ဆုံးဘောလုံးပွဲစဉ် တစ်ပွဲသာ ကျန်ရှိတော့သည်ဖြစ်ရာ မည်သည့်အသင်း ဖိုလ်စွဲမည်ကို သေချာတပ်အပ် မပြောနိုင်သော်လည်း ရီးရဲမက်ဒရစ်မှာ ရာခိုင်နှုန်းများနေပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်း လာလီဂါဖလား ရရှိရေးအတွက် အဓိက ဆောင်ကြဉ်းပေးနေသည့် နစ္စတယ်ရွိုင်း။

(ဓာတ်ပုံ–အင်တာနက်)

လာလီဂါပွဲစဉ်(၃၇)ကစားအပြီး တွင်ထိပ်ဆုံးမှ ရီးရဲမက်ဒရစ်နှင့် ဒုတိယ နေရာမှ ဘာစီလိုနာတို့ သရေပွဲများ ကိုယ်စီဖြစ်ခဲ့ကြသဖြင့် လာလီဂါဖလား အတွက် အနိုင်အရှုံးရလဒ် ပြတ်သားစွာ မထွက်ပေါ်နိုင်ခဲ့ချေ။

မျှော်မှန်းခွင့်

လာလီဂါပွဲစဉ်(၃၇)၌ ရီးရဲမက်ဒရစ်သည် ဇာရာဂိုဇာ အသင်းကို တိုက်စစ်မှူးနစ္စတယ်ရွိုင်း၏ နောက်ကျ သွင်းဂိုးဖြင့် နှစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့၍သာ လာလီဂါဖလားကို ဆက်လက်မျှော်မှန်းခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲကျပ်

ရီးရဲမက်ဒရစ်တို့ ဇာရာဂိုဇာအား ပွဲကျပ်အဖြစ်ကစားခဲ့ရခြင်း ဖြစ်ပြီး အမြင့်ဆုံးရလဒ်မှာ သရေဟုမှန်းထား ခဲ့သည့်အတိုင်း နှစ်ဂိုးစီသရေပွဲဖြစ် အောင် ကြိုးစားကစားခဲ့ကြရသည်။ ဇာရာဂိုဇာသည် ယခုနှစ်ဘောလုံး ရာသီ၌ ခြေစွာလွန်းသော အသင်းဖြစ် ရာ အိမ်ကွင်းတွင် ရှုံးပွဲနှစ်ပွဲသာရှိခဲ့ပြီး ၁၂ ပွဲနိုင်၊ ငါးပွဲသရေရလဒ်များ ရရှိ ထားသောအသင်းဖြစ်သည်။

ချီးကျူး

ထိုသို့ အိမ်ကွင်း၌ခြေမာနေသော ဇာရာဂိုဇာကို ရီးရဲမက်ဒရစ်တို့ နှစ်ဂိုးစီ သရေကစားနိုင်ခြင်းမှာ တိုက်စစ်မှူး နစ္စတယ်ရွိုင်း၏ စွမ်းဆောင် အား ထုတ်မှုကြောင့်ဖြစ်ကြောင်း ရီးရဲမက် ဒရစ် နည်းပြကာပယ်လိုက ထုတ်ဖော် ချီးကျူးခဲ့သည်။

သက်ပြင်းချနိုင်

ရီးရဲမက်ဒရစ်တို့ လာလီဂါဖလား ရယူရေးအိပ်မက်များ ရှင်သန်လာ အောင် နစ္စတယ်ရွိုင်း စွမ်းဆောင် မှုက အဓိကနေရာမှ ပါဝင်ခဲ့သလို ရလဒ်များမကောင်းသဖြင့် အခြေအနေ ယိမ်းယိုင်နေသော ရီးရဲမက်ဒရစ်အနေ အထားကို ဒေးဗစ်ဘက်ခမ်းကပါ တည့်မတ်ပေးခဲ့သဖြင့် နည်းပြကာပယ် လို သက်ပြင်းချနိုင်ခဲ့ရသည်။

ဖလားမျှော်မှန်းနိုင်

ရီးရဲမက်ဒရစ်တို့ လာလီဂါ၌ ရလဒ်များ ဆိုးရွားနေပြီး အသင်း၏ အဓိကကစားသမားများ ဖြစ်သော ရော်နယ်ဒိုနှင့် ဒေးဗစ်ဘက်ခမ်းတို့ အသင်းမှ စွန့်ခွာသည့်ဖြစ်ရပ်များက လည်း အသင်း၏စည်းလုံးမှုကို ထိခိုက် စေခဲ့သည်။ သို့သော် ကာပယ်လို၏ တစ်ယူသန်စိတ်ကို ဘေးဖယ်ကာ ဒေးဗစ်ဘက်ခမ်းကို အသင်း၌ပြန်လည် ထည့်သွင်းကစားစေခဲ့မှုနှင့်အတူ ဒေးဗစ် ဘက်ခမ်းကလည်း အသင်းအတွက် ခြေစွမ်းပြနိုင်ခဲ့သဖြင့် ရီးရဲမက်ဒရစ် တို့ ဘာစီလိုနာနှင့် ရင်ပေါင်တန်းကာ နှာတစ်ဖျားအသာဖြင့် လာလီဂါဖလား ကို မျှော်မှန်းနိုင်နေခြင်း ဖြစ်သည်။

လက်တစ်ကမ်း

ထူးခြားသည်မှာ တိုက်စစ်မှူး နစ္စတယ်ရွိုင်းပင်ဖြစ်သည်။ လာလီဂါ ဖလားအတွက် လက်ကျန်ရှစ်ပွဲကစား ရမည့်အချိန်၌ သူ၏သွင်းဂိုးမှာ ၁၅ဂိုး သာရှိသေးသည်။ ယခုလက်ကျန်ရှစ်ပွဲ အနက် ခုနစ်ပွဲကစားခဲ့ရာတွင် နစ္စတယ် ရွိုင်းတစ်ဦးတည်း ၁၀ ဂိုး သွင်းယူခဲ့ သဖြင့် ရီးရဲမက်ဒရစ်တို့ လာလီဂါ ဖလားကို လက်လှမ်းနိုင်သည့် အနေ အထားသို့ ရောက်ရှိလာခဲ့ပြီး ဥရောပ ချန်ပီယံလိဂ်အတွက်လည်း အနီးစပ်ဆုံး လက်တစ်ကမ်းသို့ ရောက်လာခဲ့ပြီ ဖြစ်သည်။

ဂိုးသွင်းဘုရင်

နစ္စတယ်ရွိုင်းသည် ဘီလ်ဘာအို၊ ဆီဗီလာနှင့် ဇာရာဂိုဇာအသင်းများနှင့် ပွဲများတွင် နှစ်ဂိုးစီ သွင်းယူနိုင်ခဲ့ပြီး ကျန်ပွဲများ၌ တစ်ဂိုးစီ သွင်းယူခဲ့ရာ ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲမက် ဒရစ်အတွက် လာလီဂါ၌ ၂၅ ဂိုး သွင်းယူပေးနိုင်ခဲ့ရာ လာလီဂါဂိုးသွင်း ဘုရင်ဆုကို ရရှိတော့မည်ဖြစ်သည်။

စွမ်းဆောင်နိုင်

ဥရောပ ချန်ပီယံလိဂ်အတွက် အီတလီရီးမားအသင်းမှ တော့တီသည် ၂၆ ဂိုး သွင်းယူထားရာ နစ္စတယ်ရွိုင်း အနေဖြင့် နောက်ဆုံးလက်ကျန်ပွဲအဖြစ် မာယော့ကာအသင်းနှင့်ပွဲတွင် ခြေစွမ်းပြ ဂိုးသွင်းနိုင်လျှင် ဥရောပချန်ပီယံလိဂ် ရရှိ မည်ဖြစ်သည့်အပြင် ရီးရဲမက်ဒရစ်ကို လည်း လာလီဂါဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်သူ တစ်ဦးအဖြစ် ရောက်ရှိလာတော့မည်ဖြစ်ရာ နစ္စတယ် ရွိုင်း၏ စွမ်းဆောင်မှုမှာ စိတ်ဝင်စား စရာ အကောင်းဆုံးဖြစ်သည်။

ရင်ခုန်စရာ

ပြိုင်ဘက် ဘာစီလိုနာတို့ကလည်း နောက်ဆုံးပွဲစဉ်အဖြစ် ဂျင်နက်စတစ်နှင့် ကစားရမည်ဖြစ်သဖြင့် နိုင်ချေရှိနေရာ လာလီဂါရာသီပိတ် နောက်ဆုံးပွဲစဉ် သည် လာလီဂါဖလားအတွက် ရင်ခုန် စရာ ကောင်းနေသကဲ့သို့ ဥရောပ ချန်ပီယံလိဂ်အတွက် စိတ်ဝင်စားစရာ ဖြစ်နေသဖြင့် ရသမျိုးစုံပေးစွမ်းနိုင်သည့် ပွဲစဉ်ဖြစ်နေပါကြောင်း။ ။

(ကိုးကား–အင်တာနက်)

အင်တာနက် အားကစားသတင်းအတိုအထွာ

- ရက်ဒင်းအသင်းမှ ဒီလာခရစ်ဇ်သည် အသင်းနှင့် စာချုပ်တစ်နှစ် ထပ်မံစာချုပ် ချုပ်ဆိုလိုက်သည်။
- **လီဗာပူးအသင်းကို ဝယ်ယူရန် ကြိုးစားခဲ့သော အာရပ်သူဌေးများက အာဆင်နယ်အသင်းအား ဝယ်ယူရန် စိတ်ဝင်စားနေကြသည်ဟု ဆိုသည်။**
- လူးဝစ်ဖီဂိုအား အင်တာမီလန် အသင်းက လာမည့်နှစ်တွင် ဆက်လက်ကစားရန် သဘောတူညီ လိုက်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ရီးရဲမက်ဒရစ်မှ ဘက်ခမ်းထွက်ခွာရန် နီးကပ်လာချိန် ဆက်လက်ခေါ်ယူထားရန် ရီးရဲမက်ဒရစ် ကြိုးပမ်း

မက်ဒရစ် ဇွန် ၁၂

ရီးရဲမက်ဒရစ်အသင်းက အသက် ၃၂နှစ်ရှိ ဒေးဗစ်ဘက်ခမ်းအား ဆက်လက်ခေါ်ယူထားရန် ၎င်း၏အကြံပေး အရာရှိများကို ချဉ်းကပ်လျက်ရှိရာတွင် အယ်လ်အေဂလက်ဆီအသင်းက ပယ်ချလိုက်သည်။

ရီးရဲမက်ဒရစ်၏ ပြန်လည်ကမ်းလှမ်းလာမှုကြောင့် ဝေခွဲမရဖြစ်နေသော ဘက်ခမ်း။

(ဓာတ်ပုံ–အင်တာနက်)

ရီးရဲမက်ဒရစ်အသင်းက ဘက်ခမ်းနှင့် စာချုပ်မှာ မကုန်ဆုံးသေးကြောင်း၊ ယင်းတို့အနေဖြင့် ဆက်လက် ခေါ်ထားလိုကြောင်း ပြောကြားခဲ့သည်။

ခေါ်ယူထားလို

သို့ရာတွင် ဂလက်ဆီအသင်းအနေဖြင့် ဘက်ခမ်းကို ခေါ်ယူရန် ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့ အနေဖြင့် ဘက်ခမ်းရောက်ရှိရေးအတွက် မစောင့်နိုင်တော့ ကြောင်း ဂလက်ဆီအသင်း အထွေထွေမန်နေဂျာ အလက် ဝီလာလက်က ပြောကြားသည်။ စောစောပိုင်းကလည်း ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ကယ်ဒါရွန်းက ဘက်ခမ်းအား ဆက်လက်ခေါ်ယူထားလိုကြောင်း ပြောကြားခဲ့သည်။

ပြန်ခေါ်ရန်ကြိုးစား

သို့ရာတွင် ဘက်ခမ်းသည် ရီးရဲမက်ဒရစ်အသင်း၌ ပထမလူထွက်စာရင်းတွင် မည်သည့်အခါမျှ ပြန်မရတော့ ကြောင်း နည်းပြကာပယ်လိုက ယခင်ကပြောကြားခဲ့သည်။ ထို့အတူ ကယ်ဒါရွန်းကလည်း ဘက်ခမ်းသည် ဂလက်ဆီ အသင်းကို ပြောင်းရွှေ့ခြင်းမှာ ဟောလီးဝုဒ်၌ ရုပ်ရှင်မင်းသားသာဖြစ်လိမ့်မည်ဖြစ်ကြောင်း အပြစ်ဆိုခဲ့သည်။ ဘက်ခမ်းသည် မကြာသေးမီက ရီးရဲမက်ဒရစ်နှင့် အင်္ဂလန်အသင်း၌ပါ ခြေစွမ်းပြကစားလာနိုင်ခြင်းကြောင့် ရီးရဲမက်ဒရစ်တို့ သဘောထား ပြောင်းကာ ပြန်ခေါ်ရန်ကြိုးစားနေခြင်းဖြစ်သည်။

(အင်တာနက်)

ပရီးမီးယားလိဂ်တန်းတက် ဆန်းဒါးလန်း ရက်ဒင်းကစားသမား ဟယ်လ်ဖို့ဒ်အား စာချုပ်

ရေးသားသူ–မြင့်မောင်စိုး

ဟယ်လ်ဖို့ဒ်

လာမည့်ပရီးမီးယား လိဂ်တွင် ဆန်းဒါး လန်း၌ တွေ့ရမည့် ဟယ်လ်ဖို့ဒ်။

(ဓာတ်ပုံ– အင်တာနက်)

လန်ဒန် ဇွန် ၁၂

ရက်ဒင်းကစားသမား ခရိတ် ဟယ်လ်ဖို့ဒ်အား ဆန်းဒါးလန်းအသင်း မန်နေဂျာရွိုင်ကိန်းက ပေါင် သုံးသန်း ဖြင့် ခေါ်ယူလိုက်သည်။

စာချုပ်

ဟယ်လ်ဖို့ဒ်သည် ဇွန်၁၀ရက်က ဆန်းဒါးလန်းအသင်း၌ ဆေးစစ်မှုခံ ယူပြီးနောက် လေးနှစ် စာချုပ်လိုက် သည်။

အသက်၂၂နှစ်ရှိ အဆိုပါ ရက်ဒင်း ကစားသမားသည် ဇန်နဝါရီလက ကိုချက်စတာအသင်းမှ ပေါင်နှစ် သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။

အောင်မြင်ရေး

ယင်းကစားသမား ဆန်းဒါးလန်း အသင်းသို့ ရောက်ရှိလာပြီ ဖြစ်၍ ဝမ်းသာမိကြောင်း၊ လာမည့်နှစ်များ အတွင်း မိမိတို့အသင်း အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ရောက်အောင် ၎င်းအနေဖြင့် ပို့ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း မန်နေဂျာရွိုင်ကိန်းက ပြောကြားသည်။ ဟယ်လ်ဖို့ဒ်သည် နောက်တန်း၊ အလယ်တန်းနှင့် တိုက်စစ်မှူးနေရာများအားလုံး ကစားနိုင်သူ ဖြစ်သည်။ ပရီးမီးယားလိဂ်တန်းတက်အသင်း ဆန်းဒါးလန်းသည် လာမည့်ရာသီပရီးမီးယားလိဂ်တွင် ထိပ်တန်း အသင်းများကို ယှဉ်ပြိုင်နိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်လျက်ရှိသည်။

(အင်တာနက်)

အာဆင်နယ် ဂိုးသမားသစ် ဖာဘီယန်စကီ ပထမဂိုးသမားဖြစ်လိုကြောင်း ပြောကြား

လန်ဒန် ဇွန် ၁၂

အာဆင်နယ်အသင်းသို့ မကြာမီက ရောက်လာသော ပိုလန်ဂိုးသမား ဖာဘီယန်စကီက လက်ရှိဂိုးသမား လေးမန်း အား လာမည့်ရာသီတွင် ပထမနေရာရ ကစားသမားဖြစ်လို ကြောင်း သတိပေး ပြောကြားလိုက်သည်။

ယုံကြည်မှု

လေးမန်းနှင့် အယ်လ်မူနီယာတို့သည် အလွန်တော် သည့် ဂိုးသမားများဖြစ်ကြကြောင်း၊ သို့ရာတွင် မိမိကိုယ် မိမိယုံကြည်မှုအပြည့်အဝရှိကြောင်း ဝါဆောကလပ်မှ မေလ တွင် ပြောင်းရွှေ့လာသည့် ဖာဘီယန်စကီက ပြောကြားသည်။

ထပ်မံချုပ်ဆို

လေးမန်းသည် ဧပြီလက အာဆင်နယ်အသင်းနှင့် တစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုထားသည်။ မိမိသည် အာဆင်နယ်အသင်းတွင် ၁၅နှစ်ကြာ ကစားခဲ့သည့် ဝါရင့် ဂိုးသမားဖြစ်နေခြင်းကြောင့် ဖာဘီယန်၏ခြောက်လှန့်မှုကို ဂရုစိုက်လိမ့်မည် မဟုတ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ ကြံ့ခိုင်မှုရှိနေသေးကြောင်း၊ ကောင်းကောင်း ကစားနိုင်သေးကြောင်း လေးမန်းက ပြောကြားသည်။

(အင်တာနက်)

အာဆင်နယ်သို့ မကြာမီက ရောက်လာသော ပိုလန် ဂိုးသမား ဖာဘီယန်စကီ။ (ဓာတ်ပုံ–အင်တာနက်)

Bangkok ကို ဈေးဝယ်ထွက်ရင်းနဲ့ Pataya ကို သွားကြရအောင်



US$ 310

၃ ည အိပ် ၄ ရက်ခရီး

၁။ ယခုအစီအစဉ်တွင် လေယာဉ်လက်မှတ်၊ ဟိုတယ်၊ အစားအသောက်၊ Transportation, Sight Seeing & Alcazar Show ဖျော်ဖြေရေးအစီအစဉ်များပါဝင်မည်ဖြစ်ပါသည်။

၂။ တစ်ပတ်နောက်ဆုံးထား၍ ကြိုတင်လက်မှတ် ဝယ်ယူရမည်ဖြစ်ပါသည်။

၃။ အခြားပါဝင်သောဝန်ဆောင်မှုများ – Bangkok Visa, e-D Form Service များကိုလည်း ယခုအစီအစဉ်နှင့်သက်ဆိုင်သော Agent များက တာဝန်ယူပြီးလုပ်ဆောင်ပေးမည်ဖြစ်ပါသည်။

၄။ ယခုအစီအစဉ်ကို ၂၀၀၇ ခုနှစ် ဇွန်လ (၂၉) ရက်နေ့မှစတင်မည်ဖြစ်ပါသည်။

၅။ ဗန်ကောက် - ရန်ကုန်အပြန်ခရီးစဉ်အတွက် Excess Baggage (၁၀)ကီလို ထပ်ဆောင်းပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

Treasure Travel & Tours	(+95-1) 255 023, 255 024	Columbus Travel & Tours	(+95-1) 229 245
Sun Far Travel & Tours	(+95-1) 243 993	Saw Pornphan Travel & Tours	(+95-1) 373 234

airBagan Treasure of Myanmar

၅၆ ရွှေတောင်ကြားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း (၉၅–၁) ၅၀၄ ၈၈၈ ဖက်(စ်) (၉၅–၁) ၅၃၈ ၂၈၃

www.airbagan.com

ဇွန်သားအမိအတွက် မွေးနေ့ဆုမွန်လွှာ

ကိုကို၏ချစ်ဇနီး **ခင်မမအောင်** ရဲ့ ၂၈–၆–၂၀၀၇ရက်တွင် ကျရောက်မည့် မွေးနေ့နှင့် တစ်ဦးတည်းသောသား **မင်းဟိန်းခန့်(ခ)အောင်ကိုဇင်** ရဲ့ ၁၃–၆–၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် ဘဝ တစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အေးချမ်းသာယာသည့် မိသားစုဘဝလေး တည်ဆောက်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်–

ချစ်သောကိုကို။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ် ၆၁(A)၊ ၅လွှာ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ ဦးမြင့်ဝေ–ဒေါ်ခင်စန်းမူ (စိန်ခြသေ့ မိသားစု)တို့၏ တစ်ဦးတည်းသောသား

မောင်နေထက်အောင် B.A (Psychology)

နှင့်

အမှတ် ၇၅၈၊ အခန်း ၀၂၊ ကလျာဏီလမ်း၊ ပိတောက်အိမ်ရာ၊ နေပြည်တော်မြို့နေ ဦးဌေးလှိုင် (အမှတ်–၂၊ သတ္တုတွင်းလုပ်ငန်း)–ဒေါ်ဝင်းမာ (အမှတ်–၂၊ သတ္တုတွင်း၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသမီး

မချမ်းမြေ့နွေး(ခ)ဂျူးဂျူး B.A (Eco)

တို့သည် ၁၂–၆–၂၀၀၇ရက်တွင် နှစ်ဖက်မိဘ သဘောတူညီချက်အရ Oriental House တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်နေထက်အောင်–မချမ်းမြေ့နွေး။

သင်္ချာကျော်ဒိုက် ၏ အငယ်တန်းသင်္ချာနှင့်အင်္ဂလိပ်စာ

ပညာကျော်နှင့်မဟာကျော်နည်းပြ

ရာထူးဝင်ခွင့် နှင့် U.D.E သင်တန်း

ပုံမှန်သင်တန်းနှင့်သင်္ချာသီးသန့်ဂုဏ်ထူးတန်း

16-6-2007 စမည်။ 0999-29623

အမှတ်၁၇၀–ပထပ်၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
အမှတ်(၉၀)၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။
Ph;-(951)578470, 562895, Fax;(951)578472
E-mail-mpe.myr@mptmail.net.mm,
www.myanmarpearl.com

ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဇွန်လ ၁၃ရက်

နိုင်ငံခြားငွေဖြင့်ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို တင်ဒါ/ဈေးပြိုင် စနစ်(၂)မျိုးဖြင့် ရောင်းချခြင်းအား ၂၀၀၇ခုနှစ်၊ ဇူလိုင်လ ၄ ရက်မှ ၆ရက်အထိ အမှတ်(၆၆) ကမ္ဘာအေးဘုရားလမ်းရှိ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရောင်းချပွဲခန်းမ (Gems Emporium Hall)တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၂။ နိုင်ငံခြားငွေ(Export Earning)ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသား ပုလဲကုန်သည်များကို ရောင်းချပေးမည်ဖြစ်ပါ၍ တက်ရောက်ဝယ်ယူခွင့် လျှောက်လွှာများအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်တွင် ရယူပြီး ဓာတ်ပုံ နှစ်ပုံနှင့်အတူ ၂၀၀၇ခုနှစ် ဇွန်လ ၂၀ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။ လျှောက်လွှာတင်သွင်းသူများကို စိစစ်၍ ဖိတ်ကြားသွားမည်ဖြစ်ပြီး ဖိတ်ကြားခြင်းခံရသည့် နိုင်ငံသားကုန်သည်များသာ ပြပွဲတွင် တက်ရောက်၍ နိုင်ငံခြားသားကုန်သည်များနှင့်အတူ ဈေးပြိုင် ပုလဲ ဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ ၎င်းရောင်းချပွဲ အစီအစဉ်တွင် ချိပ်ပိတ်တင်ဒါတွဲများကို (Electronic Card Reader) စက်ကိုအသုံးပြု၍ သုံးကြိမ်ဖွင့်ဖောက် ကြေညာသွားမည်ဖြစ်ပါသည်။ တင်ဒါပုလဲတွဲများ ဖွင့်ဖောက်ကြေညာပြီးလျှင်ပြီးချင်း ဈေးပြိုင်ပုလဲတွဲများကို ဈေးပြိုင်ပေးစနစ်ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်ပါသည်။ အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၀၇ခုနှစ် ဇူလိုင်လ ၄ ရက် (ဗုဒ္ဓဟူးနေ့)

ပုလဲတွဲများပြသကြည့်ရှုခြင်း	(၀၉း၀၀–၁၇း၀၀)နာရီ
တင်ဒါအမှတ်(၁)ပိတ်သိမ်းခြင်း	(၁၆း၀၀)နာရီ
တင်ဒါအမှတ်(၁)ကြေညာခြင်း	(၁၇း၀၀)နာရီ

၂၀၀၇ခုနှစ် ဇူလိုင်လ ၅ ရက် (ကြာသပတေးနေ့)

ပုလဲတွဲများပြသကြည့်ရှုခြင်း	(၀၉း၀၀–၁၇း၀၀)နာရီ
တင်ဒါအမှတ်(၂)ပိတ်သိမ်းခြင်း	(၁၆း၀၀)နာရီ
တင်ဒါအမှတ်(၂)ကြေညာခြင်း	(၁၇း၀၀)နာရီ

၂၀၀၇ခုနှစ် ဇူလိုင်လ ၆ ရက် (သောကြာနေ့)

ပုလဲတွဲများပြသကြည့်ရှုခြင်း	(၀၉း၀၀–၁၁း၀၀)နာရီ
တင်ဒါအမှတ်(၃)ပိတ်သိမ်းခြင်း	(၁၁း၀၀)နာရီ
တင်ဒါအမှတ်(၃)ကြေညာခြင်း	(၁၂း၀၀)နာရီ
ဈေးပြိုင်ပုလဲတွဲများအား တစ်တွဲချင်း ကြေညာရောင်းချခြင်း။	(၁၂း၀၅)နာရီ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂–အိုင်)၊ မြေကွက်အမှတ် (၄၄၉–ဘီ၅ / ၄၃၈–ခစီ)၊ ဧရိယာ (၀.၁၃၀) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂) ရပ်ကွက်၊ နတ်မောက်လမ်းသွယ် (၁)၊ အမှတ် (၁၂) ဟု ခေါ်တွင်သော နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ် ရပ်များအားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်လှမြင့် (ခ) ဒေါ်ရှုပို့ (နိုင်ငံသားအမှတ် – ၁၂/ဗဟန (နိုင်) ၀၈၀၀၀၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ တစ်ဦးမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ – ဦးအောင်ဘော် LL.B, DBL, DML, DIL
ဒေါ်အေးအေးဖိုး B.Sc, Hon (IC), HGP, R.L, D.B.L.
တရားရုံးချုပ်ရှေ့နေများ
အမှတ် (၂၇/က)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၉၄၈၆၆၊ ၀၉–၅၀၁ ၇၀၄၄

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် **ဦးဖြိုးဇင်** ၁၂/လမတ(နိုင်)၀၀၁၀၃၆နှင့် **မဝင်းမာထွန်း** ၁၂/ကမရ(နိုင်)၀၁၄၁၀၁တို့သည် ၁၁–၆–၂၀၀၇ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ပါကြောင်း။

ဦးဖြိုးဇင် ၁၂/လမတ(နိုင်)၀၀၁၀၃၆။

ရောင်းမည်

၁။ ပြည်လမ်း၊ မြေ ၀ ဒသမ ၇ ဧက၊ ရေ၊ မီး၊ ဖုန်း။

၂။ ကမ္ဘာအေးလမ်း၊ ပေ ၈၀ x ပေ ၁၅၀၊ နှစ်ထပ်တိုက်၊ ရေ၊ မီး၊ ဖုန်း။

၃။ သီရိဂုဏ်အိမ်ရာ၊ ပေ ၄၀ x ပေ ၆၀ မြေ။

ဖုန်း–၇၂၇၅၅၈၊ ၀၉–၅၀၁၀၂၄၇။

အမည်ပြောင်း

အထက(၂) မင်္ဂလာဒုံ ဒုတိယတန်း(က)မှ အဖ ဦးမျိုးဦး၏သား မောင်စိုးအုပ်ခန့်အား မောင်အုပ်စိုးခန့်ဟု ခေါ်ပါရန်။

စာအုပ်စာပေ လူ့မိတ်ဆွေ

စက်မှု(၁) အထူးဈေးရောင်းပွဲတော်များ ကျင်းပမည်

ရန်ကုန် ဇွန် ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဇွန် ၁၆ရက်မှ ၂၁ရက်အထိ မန္တလေးတိုင်း သာစည်မြို့ ပို့ဆောင်ရေးဘောလုံးအားကစားကွင်း၌လည်းကောင်း၊ ဇွန် ၁၂ရက်မှ ၁၈ရက်အထိ မကွေးတိုင်း မင်းဘူးမြို့ (၃)ရပ်ကွက် ခရိုင်အားကစားကွင်း၌လည်းကောင်း၊ ဇွန်၁၂ရက်မှ ၁၈ရက်အထိ ရှမ်းပြည်နယ် အောင်ပန်းမြို့ ဘူတာရုံကွင်း၌လည်းကောင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး အဆိုပါ အထူးဈေးရောင်း ပွဲတော်တွင် စက်မှု(၁)မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

(၁၃–၆–၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နိုင်ငံတကာအသိအမှတ်ပြုကွန်ပျူတာဒီပလိုမာရယူလိုသူများအတွက်အခွင့်ကောင်း International Diploma in Computer Studies (IDCS)

Since 1986 KMD Computer Centre

:: တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများအတွက် အခြေခံမှစ၍သင်ကြားပေးမည့်သင်တန်း

:: နိုင်ငံတကာကျောင်းများ သို့ဆက်တက်ရန်အခြေခံ ကောင်းများရရှိနိုင်မည့်သင်တန်း

:: သင့်အတွက် ICT နည်းပညာနှင့်ပတ်သက်၍ အကောင်းဆုံးရွေးချယ်မှု

Commencing Date
16 June, 2007 (Sat to Sun)
7:00 to 3:00

၅၅၁–၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း – ၂၄၉၁၅၅၊ ၃၈၁၁၀၃၅၊ ၃၈၁၁၂၉

အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ လွိုင်ကော်၌ ဟောပြော

လွိုင်ကော် ဇွန် ၂

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသည့် အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ ဟောပြောပွဲကို မေ ၂၃ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အခြေခံ ပညာအလယ်တန်း ဆရာ ဆရာမများ မွမ်းမံသင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင် တင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပြုလွှာပေးအပ်

ထို့နောက် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ စည်းရုံးရေးရာ ဒုတိယဌာနမှူး ဒေါ်လှလှဌေးက အမျိုးသမီး ရေးရာအဖွဲ့ စည်းရုံးရေးရာနှင့်ပတ်သက်သည်များကို ရှင်းလင်း ဟောပြောပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်ကြည်ထံ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၃၈၀ ကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာမဒေါ်လှလှသန်းက ဆရာ၊ ဆရာမများကိုယ်စား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မြို့ရေပေးရေး

ချင်းပြည်နယ် တွန်းဇံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ရေပေးရေး လုပ်ငန်းကို မေ ၂၈ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးစဉ်။ (၄၁၇)

စာဖတ်ပွဲများ ခနဲ့ဖြူမြို့နယ်၌ ကျင်းပ

ခနဲ့ဖြူ ဇွန် ၃

ရောဝတီတိုင်း မအူပင်ခရိုင် ခနဲ့ဖြူ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို မေ ၂၁ရက် မွန်းလွဲ ၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမင်းသော်နှင့် ရုပ်/သံကျွမ်းကျင်(၃) ဦးအောင်ကိုကို လင်းတို့က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် (၉၅)ပါ ချစ်နိုင်(စိတ်ပညာ)၏ ရာထူး တိုးတက်ရေး ဆောင်းပါးကိုလည်း ကောင်း၊ အငယ်တန်းစာရေး ဦးအောင် ဆန်းမင်း၊ ရုံးအကူဒေါ်ထားထားမိုး တို့က ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၆)ပါ စာတည်းမှူး၏ ကာလ သုံးပါး ခေါင်းကြီး ပိုင်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်သိန်း ချစ်က စာဖတ်ပွဲနှင့်ပတ်သက်ပြီး ဆွေး နွေး အကြံပြုကြသည်။

စာဖတ်ပွဲများကျင်းပ

အလားတူ စာဖတ်ဝိုင်းများကို သပြုကျေးရွာအုပ်စု ကြားစုကျေးရွာ ဆရာ ဦးဖိုးမှတ်စာကြည့်တိုက်၊ ကဇင်း တောကျေးရွာလူငယ်အားမာန် စာကြည့် တိုက်၊ဝါးရုံချောင်းရွာ မိုးသောက်ကြယ် စာကြည့်တိုက်၊ ကမ်းငူလေးကျေးရွာ ဗုဒ္ဓရောင် ခြည်စာကြည့်တိုက်၊ ပုကွန် ကျေးရွာ မေတ္တာရောင်ခြည် စာကြည့် တိုက်၊ငနီကျေးရွာပညာအလင်းစာကြည့် တိုက်များတွင် စာဖတ်ပွဲများကျင်းပရာ စာကြည့်တိုက် ကော်မတီဝင်များ၊ စာပေ ဝါသနာရှင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်း အရှိန်မြှင့်တင်ရေး ညွှန်ကြားချက် ခုနစ်ချက်ကို သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက ဝန်ထမ်းများအား ဇွန် ၁ ရက်က ရှင်းလင်းဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)



စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဆွေးနွေး

မင်းကင်း ဇွန် ၃

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းခန်းမတွင် မေ၉ရက် နံနက် ၁၀နာရီက ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း၌ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာထောက်(၃) ဦးမောင် မောင်အေးက စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေး ရှင်းလင်းသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်လက်ထောက် ပညာရေးမှူး ဦးစန်းမောင်၊ သင်တန်း ကြီးကြပ်မှုကော်မတီများ၊ ဆရာ ဆရာမ များ စုစုပေါင်း၉၀တို့ တက်ရောက်ကြ သည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ရွှေတိဂုံဘုရား လမ်း ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းကို မေ ၁၆ရက်က ရှမ်း ပြည်နယ်(အရှေ့ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ခေတ္တညွှန်ကြား ရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်း ဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် ပြန်/ဆက် ဦးစီးဌာန စာဖတ်ပွဲကျင်းပ

စဉ့်ကူး ဇွန် ၄

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့် ဦးစီး၍ စာဖတ်ပွဲကို မေ ၂၉ ရက် မွန်းလွဲ၁နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က စာပေလေ့လာဖတ်ရှုခြင်းများနှင့် စာပေမှရရှိသော အကျိုးကျေးဇူး များကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြားဆွေးနွေး

ထို့နောက် စာထောက်(၃)ဒေါ်ထွန်းစန္ဒာလင်းက ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၁၂)မှ စာတည်းမှူး၏ လှိုင်းနှင့်လှေ ခေါင်းကြီးပိုင်းကို လည်းကောင်း၊ ရုပ်/သံကျွမ်းကျင်(၃) ဦးဝင်းမောင်က စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ လူငယ် စိတ်ပညာ ကမ္ဘာ့ရွှာစာအုပ်မှ စာတတ်သူ၊စာဖတ်သူ ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားဆွေးနွေးရာ မြို့နယ်ဦးစီးမှူးကဖတ်ကြားမှုများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေး ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးနဲမြို့နယ် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး သင်တန်းဖွင့် သီးနှံများ ပန်းတိုင်အထွက်တိုးရေးနည်းလမ်း လက်တွေ့ပို့ချ

မိုးနဲ ဇွန် ၁

မိုးနဲမြို့ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ရက် နံနက် ၉ နာရီက ကမ္ဘောဇ ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး မောင်မောင်ညွှန့် နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးဌေးညွှန့်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူ ၅၀တို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးမောင်မောင် ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဌေး ညွှန့်က သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့် သင်ကြားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ရှင်းလင်း တင်ပြသည်။ **(အောက်ဝဲပုံ)**

နည်းပညာ

သင်တန်းတွင် စိုက်ပျိုးရေးနည်း ပညာပြန့်ပွားရေးအတွက် သီးနှံအလိုက် မြေပြုပြင်ခြင်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးနည်းပညာ၊ စိုက်စနစ်မှန်ကန် ရေး နည်းပညာ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ သုံးစွဲရေးနည်းပညာ၊ ပိုးမွှားရောဂါကာကွယ်ခြင်း၊ အဓိက သီးနှံများ ပန်းတိုင်အထွက်တိုးရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ သီးနှံ အလိုက် အထွက်တိုးရေး ထိခိုက်နိုင် သည့် အချက်များကိုစာတွေ့၊လက်တွေ့ ပို့ချမည်ဖြစ်ရာ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည် ဖြစ် ကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

တောင်သာမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့လယ် နာရီစင်ပန်းခုံတွင် ပန်းအလှပင်များစိုက်ပျိုးမှုကို မေ ၁၅ရက်က အမှုဆောင်အရာရှိ ဦးလှဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဦးအောင်ရှင်နှင့်သား မောင်မောင်နိုင် တို့အား ရည်စူး၍ ရန်ကုန် တိုင်း မင်္ဂလာတောင်ညွန့် မြို့နယ် နှင်းဆီ လမ်း တိုက် (၁၀) အခန်း ၁၁ နေ ဒေါ်ကျင် နှင့် သား သမီး၊ မြေး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေနုတ်မြောင်းတူးဖော် သန့်ရှင်းရေးဆောင်ရွက်

လောင်းလုံး ဇွန် ၅

လောင်းလုံးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်စမ်း ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ကျန်းမာရေးဦးစီးဌာနမှကျန်းမာရေးဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်လေးရပ်ကွက်ဥက္ကဋ္ဌများနှင့် ပြည်သူများ ပူးပေါင်းပြီး မေ၃၀ရက် နံနက် ၇နာရီက မြို့ပေါ် လေးရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်း၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၁)ရပ်ကွက် ဖြဟ္မစိုရ်လမ်း အမှတ် ၆၇၃နေ ဦးထွန်းလှိုင်-ဒေါ်စောမြိုင်၊ သား ကိုကံထူးမိသားစုက ကျောင်းအလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကိုလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင် ဆရာတော်အရှင်ဂန္ထသာရ (မြို့နယ် သံဃနာယက ဥက္ကဋ္ဌ မဟာသိမ်တော်ကြီး)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

(၄၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ စံပြရပ်ကွက် ဝိဇယမင်္ဂလာပရိယတ္တိ စာသင်တိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တမာလာဝံသ အရှင်သူမြတ် **(အပေါ်ပုံ)** သည် မေ၂၃ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်တွင် (၄၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

လားရှိုးမြို့နယ် ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်

လားရှိုး ဇွန် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် တာပုံကျေးရွာအုပ်စု နားဖကျေးရွာတွင် ပညာအလင်းရောင်စာကြည့်တိုက်နှင့် ဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့်အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၂၉ရက် နံနက် ၁၀နာရီက ကျင်းပရာ အဆောက်အအုံသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း၊ အဆောက်အအုံ အလှူရှင် ဦးစိုင်းထွန်းတင်နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ယင်းစာကြည့်တိုက်သို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက ငွေကျပ်တစ်သိန်း၊ ဒေါက်တာစိုင်းမောက်ခမ်းက ငွေကျပ်တစ်သိန်း၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၃၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စာအုပ်မျိုးစုံ အုပ် ၂၀၀၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ်တစ်သောင်းငါးထောင်နှင့် စာအုပ်စာစောင် အုပ် ၂၀၀၊ ဒေါက်တာ မိုးကျော်သူက ငွေကျပ်သုံးသောင်းတန်စာအုပ်စင်တစ်ခုနှင့် စာအုပ်မျိုးစုံ ၆၅အုပ်၊ နားဖရွာနေ ဦးမိုးဟိန်းမိသားစုက စာအုပ်မျိုးစုံ အုပ်၂၀၊ လားရှိုးလက်ကမ်း စောင့်ရှောက်ရေး စီမံချက်မှ စာအုပ်မျိုးစုံအုပ် ၅၀၊ ခရိုင်စာရင်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုက ၂၀၀၆ခုနှစ် တစ်နှစ်စာသတင်းစာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီး၏ တပည့်အရှင်ဥတ္တမက မဟာမြိုင် ဥယျာဉ်တောစခန်းရင်သွေးငယ်များ(အာနာပါန)သင်တန်းယာယီတရားစခန်းကို ဧပြီ၂၀ရက်မှ ၂၄ရက်အထိ ရေဝတီတိုင်း မြောင်းမြမြို့ ပဏ္ဍိတာရုံကျောင်းတိုက်တွင် ကျင်းပရာ ကလေးငယ်ပေါင်းတစ်ထောင်ကျော်အား ကလေးတရားစခန်း ပို့ချစဉ်။ (၃၈၈)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ကော့ကရိတ် ဇွန် ၃

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်၏ ၂၀၀၇-၂၀၀၈ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၂၆ ရက်က ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဘုရင့်နောင်ခန်းမတွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်သို့ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၀၂၄)**

ကျောက်ချောလမ်းခင်း

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော ညောင်တုန်းမြို့ မဂ္ဂင်လမ်း အရှည် ၇၆၄ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၉၈)

ရပ်ကွက်ဥက္ကဋ္ဌများအား စီမံကိန်းတာဝန်ပေးအပ်ပွဲ ဖန်းမောက်၌ကျင်းပ ကြက်ဆူပင်၊ ရော်ဘာနှင့် ပီလောပီနံများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုး

ဖန်းမောက် ဇွန် ၅

စစ်ကိုင်းတိုင်း ကသာခရိုင်ဖန်းမောက်မြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအား စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်စာရေးများ တက်ရောက်ကြသည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းလျာထားချက်များကို စီမံကိန်းဦးစီးအရာရှိ မြို့နယ်အတွင်းရေးမှူး ဒေါ်ဝင်းဝင်းမြိုင်ကလည်းကောင်း၊ မြို့နယ်တွင်း သီးနှံစိုက်ပျိုးမှု အခြေအနေကို မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းရွှေကလည်းကောင်း၊ ကွက်လပ်မြေများ၊ မြေရိုင်းများ၊ စိုက်ပျိုးမြေယာများနှင့် ပတ်သက်၍ မြေစာရင်း ဦးစီးမှူး ဦးကျော်လွင်ကလည်းကောင်း ရှင်းလင်းတင်ပြပြီး ရပ်ကွက်ဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များ ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှမြင့်က ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ မူခင်းနည်းပါးရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ နှိမ်နင်းရှင်းလင်းမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်က ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် ကျောင်းနေရွယ်လူငယ်များအားလုံး ကျောင်းနေနိုင်ရေးစီမံချက် စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ ကြက်ဆူပင်၊ ရော်ဘာ၊ ပီလောပီနံတို့ကို ကျေးရွာအုပ်စုတွင် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးရေးအတွက် လိုအပ်ချက်များကို မြို့နယ်တရားသူကြီး ဦးတင်မောင်လတ်ကလည်းကောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကျွဲနွား ခွာနာလျှာနာရောဂါ ကာကွယ်ကုသရေးကို ဒေါက်တာဝင်းမြင့်အောင်ကလည်းကောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမနားထန်းကလည်းကောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မှူခင်းကျဆင်းရေး မိတ္ထီလာ၌ဟောပြော

မိတ္ထီလာ ဇွန် ၅

ပုံရိပ်စီမံချက် တွေ့ဆုံရှင်းလင်းပွဲနှင့် မှုခင်းကျဆင်းရေး ဟောပြောပွဲကို မိတ္ထီလာမြို့ မြို့မရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် မေ ၂၇ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သာစည်ဒုတိယမြို့နယ်မှူး ရဲအုပ်အောင်မျိုးလွင်နှင့် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အမှတ်(၁)ရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ် အောင်မြင်တို့က မှုခင်းကျဆင်းရေး ပညာပေးစာစောင်(၁/၂၀၀၇)ကို အခြေခံဖြန့်ဝေပြီး ပုံရိပ်စီမံချက်နှင့် မှုခင်းကျဆင်းရေးတို့ကို ဟောပြောကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့မရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သတင်းထောက် ဦးကျော်ကျော်မြင့်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြောင်း သိရသည်။ **(၃၅၈)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အခမ်းအနားကျင်းပ

ကျိုင်းတုံ ဇွန် ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့သည် ဇွန် ၄ရက်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။ အခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက တြိဂံ ဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင်များ စုစုပေါင်းအင်အား ၇၀ခန့်တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ကြူကြူလှက အဖွင့်အမှာစကားပြောကြား၍ **(အပေါ်ပုံ)** ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ပထမလေးလပတ် လုပ်ရှားဆောင်ရွက်မှုများ တင်ပြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက ဒုတိယလေးလပတ်တွင် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လေးလပတ်အစီရင်ခံစာများတင်ပြရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အစီရင်ခံစာများအပေါ် ခြုံငုံသုံးသပ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှက နိဂုံးချုပ်အမှာ စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(အမျိုးသမီးရေးရာ)

မြို့နယ် သတင်းများ

မေ ၂၅ ရက် က မကွေးမြို့ပေါ် ရပ်ကွက်များတွင်ရေပိုမိုဖြန့်ဝေ ပေးနိုင်ရေးအတွက် မြို့ရေပေးရေး ပိုက်လိုင်းများ ပြင်ဆင်မှုနှင့် တိုးချဲ့တပ်ဆင်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်လမ်းနှင့် နတ်မောက်လမ်း ရေပိုက်များအား ရေပေးရေး ဝန်ထမ်းများ ပြင်ဆင်မှုကို လက်ထောက်အင်ဂျင်နီယာဦးထွန်းနိုင်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပညာပန်းခင်းစာကြည့်တိုက် အဆောက်အအုံဆောက်လုပ် ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်များ ရရှိရေးဆွေးနွေး

သာစည် ဇွန် ၂

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်သည် မေ ၂၁ရက် နံနက်၉နာရီက ရွာမွန်သာကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် ပညာပန်းခင်း စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးအောင်အောင်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိဘပြည်သူများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်အဆောက်အအုံသစ် အမြန်ပြီးစီးရေးနှင့် ဖွင့်ပွဲကျင်းပနိုင်ရေး၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်များကို အလှူခံရရှိနိုင်အောင် စည်းရုံးလှုပ်ရှားရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပြီး လိုအပ်မှုများကိုကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲ တောင်ကြီးမြို့လယ်ဓမ္မာရုံ၌ ကျင်းပ

တောင်ကြီး ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မေ ၂၂ရက် နံနက် ၉နာရီခွဲက တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကလောမြို့နယ် အောင်ပန်းမြို့ အောင်ချမ်းသာ စာသင်တိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တပညာဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော် ဘဒ္ဒန္တပညာဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကြို့ပင်ကောက်မြို့နယ်အတွင်း အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို အနောက်မြောက်ရပ်ကွက်တွင် မေ ၁၄ ရက်က ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးသင်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အနောက်မြောက်ရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဆရာမများ၊ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ ပါဝင်ကူညီဆောင်ရွက်ကြစဉ်။

(ဝ၄ဝ)

ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေး

ယင်းမာပင် ဇွန် ၅

ယင်းမာပင်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကိုမေ၃၁ ရက် နံနက်၁၁နာရီက အခြေခံပညာ အထက်တန်းကျောင်း တေဇဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းဇော်ဝင်းနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ဝင်းကြွေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အသင်း၏လုပ်ငန်းအစီရင်ခံစာကို အမှုဆောင်အဖွဲ့ဝင် ဦးကျော်ငြိမ်းကလည်းကောင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာကို ဦးအောင်မင်းဦးကလည်းကောင်း၊ နှစ်ချုပ်စာရင်းများကို တာဝန်ကျစာရင်းစစ်အဖွဲ့မှ ဦးကျော်ဝင်းစိန်က လည်းကောင်း ဖတ်ကြား တင်သွင်းရာ အသင်းသားများက အစီရင်ခံစာများအပေါ် ဝေဖန်ဆွေးနွေးအကြံပေးကြပြီး နှစ်ချုပ်စာရင်းများကို အတည်ပြုကြသည်။

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးနှင့် ချီးမြှင့်ငွေ စုစုပေါင်း ကျပ် ၁၄ သိန်းခန့် ခံစားခွင့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လပွတ္တာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ စုပေါင်း၍ မေ ၂၅ ရက်က မြို့နယ်ပြည်သူ့ ဆေးရုံကြီးဝင်းအတွင်း၌ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လူထု အခြေပြု ငှက်ဖျားရောဂါ ကာကွယ်တားဆီးရေး ညှိနှိုင်းဆွေးနွေး

မိုးကောင်း ဇွန် ၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ဆောင်ရွက်မည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်တားဆီးရေးစီမံချက် မြို့နယ်အဆင့် အသိပေးညှိနှိုင်း ဆွေးနွေးပွဲကို မေ ၂၇ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ငှက်ဖျားရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်လင်းက စီမံချက်နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး စီမံချက်ဝင် ကျေးရွာအလိုက် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များကို ဖွဲ့စည်းကြသည်။

(၄၁၆)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လကွယ်နေ့
၁၄-၆-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဖြူးမြို့နယ် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုများ)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
- (၁) သာလွန်ဆဋ္ဌမတန်း အင်္ဂလိပ်စာမီးနင်းများ (ဦးတင်ဝင်းနိုင်-ပြန်ဆိုသည်)
- (၂) ရဲသုံးဘော် (မောင်သိန်းလွင်-ပြန်ဆိုသည်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နေ့ကြီးရက်ကြီးများအကြောင်း- ဒုတိယပိုင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့်အာဟာရ (ငါးပုဏ္ဏား)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတကမ္ဘာ

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
- (၁) ပန်းနွယ်ကစိမ်း (တွံတေးသိန်းတန်)
- (၂) ပန်းနွယ်ကမစိမ်းပါ (ခိုင်ဝါ)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (မပြိုင်ပါနဲ့ မောပါ့မယ်)

၁၉:၃၅ ခေတ်မရွေးသောတေး
- (၁) စိမ်းလဲ့ညို (မောင်မောင်ကြီး)
- (၂) ဖူးငုံချစ်ပန်း (တင်မိုးခိုင်)
- (၃) တောင်လေ့ကားမြို့ ကိုယ်လာမယ် (မျိုးမြင့်လေး)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- (၁) မိုး(ကိုမြကြီး)
- (၂) မိုးဒေဝါ(အေဝမ်းတင်တင်လှ)
- (၃) မောင်ခေါ်ရာလိုက်ခဲ့ပါလား (သန်းဖေလေး)

13-6 (17) 1 6/12/07, 3:14 PM

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၆၅၃၊ ယ/၈၀၄၉၂ Honda C90 Custom CMP ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ဆန်း မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်) ၁၂၆၈၈၁က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

စက်များဝယ်ယူရန်နှင့် အကြီးစားမွမ်းမံရန် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်းစီမံရေးဌာန လက်အောက်ရှိ ဝါကြိတ်စက်ရုံများနှင့် စိုက်ကွင်းများ၌ အောက်ပါစက်များဝယ်ယူရန် ထွန်စက်နှင့် ဝါကြိတ်စက်များ အကြီးစားမွမ်းမံရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်–

(၁) **ဝယ်ယူမည့်စက်များ**

(က)	Bailing Machine (Hydraulic Type)	5 Nos
(ခ)	Cotton Seed Grinding Machine 9"(OR)	2 Nos
	Renovation of Cotton Seed Grinding Machine	2 Lot

(၂) **အကြီးစားပြုပြင်မည့်စက်များ**

(က)	Renovation of Farm Tractor (JOHN DEERE & MASSEY FURGUSON)	24 Nos
(ခ)	Renovation of Single Roller Gin	1 Lot
(ဂ)	Renovation of 40 Saw Gin (LUMUS & LARVER)	1 Lot

၂။ တင်ဒါဝယ်ယူပေးသွင်းရမည့်နေရာ – မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စက်မှုကုန်ကြမ်း စီမံရေးဌာန၊ အောင်လံရုံးခွဲ၊ တရော်ကုန်းရပ်ကွက်၊ အောင်လံမြို့။

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၂၀၀၇ ခုနှစ် ဇွန်လ ၂၂ ရက် (၁၄း၀၀)နာရီ

မှတ်ချက် – အသေးစိတ်အကြောင်းအရာများအား တယ်လီဖုန်းအမှတ် ၀၆၇–၄၀၈၁၅၆၊၀၁–၅၆၆၃၃၈၊၀၆၉–၂၁၆၉၇၊ ၀၆၃–၅၀၃၅၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

7Th Corner

* ခေါင်းလျှော်ပြီးလျှင် စက်ဆွဲရန်မလိုပါ။ (၂) နှစ်အာမခံ
* နဂိုဆံပင်ထက် (၂) ဆ ပြောင်လက်ပျော့ပျောင်းစေရမည်။
* 35000/- Discount 15000/-

အထူးဆံပင်ဖြောင့်ဆိုင်

(i) အနော်ရထာလမ်းမပေါ် (17) လမ်းထိပ်၊ လသာမြို့နယ်။
(ii) ပြည်လမ်းမပေါ်၊ မြေနီကုန်းမီးပွိုင့်၊ ရတနာပုံစျာပ်ရှင်ရုံမှထောင်။
(iii) ကမ်းနားလမ်းမပေါ်၊ (8) လမ်းထိပ်၊ လမ်းမတော်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၃ M မြေကွက်အမှတ် III ၉၁ မြေကွက်တည်နေရာ အမှတ် ၅ နွယ်သာကီလမ်း အလုံမြို့နယ် ဒေါ်ခင်ကြည် အမည်ပေါက်နှစ် ၉၀ မြေငှားဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်ခင်ကြည်၊ (ဖခင်)ဦးဘအေးနှင့်(ဦးဘအေး–ဒေါ်ခင်ကြည်တို့၏ ပဉ္စမမြောက်သား) ဦးဆန်းလင်းတို့ ကွယ်လွန်သဖြင့် (၁)ဒေါ်တင်ဝင်း ၁၂/အလန (နိုင်) ၀၁၃၁၁၃၊ (၂) ဦးမြင့်ဆွေ၁၂/အလန(နိုင်)၀၁၃၀၂၃၊ (၃)ဒေါ်ခင်သန်းဝင်း ၁၂/ အလန (နိုင်) ၀၁၂၉၇၃၊ (၄)ဦးဘုန်းကြွယ် ၁၂/အလန (နိုင်)၀၁၃၂၂၃၊ (၅)ဒေါ်ခင်ချိုချို ၁၂/အလန (နိုင်) ၀၁၃၀၀၉၊ (၆) ဦးအောင်မြင့် ၁၂/အလန (နိုင်) ၀၁၄၅၆၈ တို့က သား၊ သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အဘူဆွေယော့ ၁၁/ဘသတ(ယ)၁၂၄၅၁၉ နှင့် အများပြည်သူတို့သိစေရန်

ဘူးသီးတောင်မြို့နယ် အမှတ်၇ ရပ်ကွက်နေ ဦးလူဖုလ်ဟာကိမ်း (ဘ)ဦးအဘူဘော်ရှော၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျွန်ုပ်အမှုသည်တို့ဇနီးမောင်နှံတွင် သား၊သမီးကိုးဦးရှိသည့်အနက် အဘူဆွေယော့မှာ တတိယမြောက်ဖြစ်ပါသည်။ ၎င်းသည် မိဘတို့၏ ဆိုဆုံးမမှုကို နားခံမှုမရှိသည့်အပြင် မိဘတို့ စိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပါသည်။ မိဘများပိုင် ရွှေ၊ ငွေ၊ ပစ္စည်းများကို ယူငင်ပြီး သောက်စား ဖြုန်းတီးခဲ့ပါသည်။ ယခုလည်း မိဘတို့အား လုံးဝအသိမပေးဘဲ နေအိမ်မှ ဆင်းသွားပါသည်။

ထို့ကြောင့် အဘူဆွေယော့အား နေအိမ်ပေါ်မှ ဆင်းသွားခဲ့သည့် ၂–၃–၂၀၀၆ ရက်မှစ၍ ကျွန်ုပ်အမှုသည်တို့၏ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပါသည်။ ဤနေ့နောက်ပိုင်းတွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသိန်းနိုင် (LL.B)
တရားရုံးချုပ်ရှေ့နေ (၅၉၁၅)
အမှတ် ၅ ရပ်၊ ဘူးသီးတောင်မြို့။

ဝမ်းနည်းကြေကွဲခြင်း

မေမြတ်မိုး အသက် (၄နှစ် ၆လ)

၉–၆–၂၀၀၇ရက်(စနေနေ့)တွင် သမီးလေး ရုတ်တရက်ခွဲခွာသွားသည့်အတွက် ဖေဖေ ဦးမိုးနိုင်မြင့်(သီရိစန္ဒာဆေးခန်း)– မေမေ ဒေါ်သင်းသင်းမောင် မိသားစုတို့နှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါတယ်။ **သမီးလေး ကောင်းရာသုဂတိရောက်ပါစေ။**

Youth Force Group of Companies အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ။

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှအပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်–

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း–၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

တစ်နှစ်ပြည့်အလွမ်း

ဦးမြင့်စိုး (ရောင်ခြည်ဦးစိန်ရွှေရတနာဆိုင်)

ထာဝရကျေးဇူးရှင် ဒယ်ဒီ ဆွေမျိုးမိသားစုများနှင့် ခွဲခွာသွားသည်မှာ ၁၃–၆–၂၀၀၇ ရက်တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း မိသားစုအားလုံး၏ ရင်ထဲတွင် တစ်နေ့မှမေ့မရပါ။ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သော ကုသိုလ်အစုစုတို့အား ဒယ်ဒီ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

လွမ်းဆွတ်သတိရခြင်းများစွာဖြင့်–
ရောင်ခြည်ဦးရွှေဆိုင်မိသားစု
အမှတ် ၆၄၊ ၂၉လမ်း။

အမည်ပြောင်း

အဖ ဦးမိုးဇော်၏သမီး တောင်ကြီးမြို့ အထက(၄)နဝမတန်း (F)မှ မမေငြိမ်းဦးအား မမေသဇင်ငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

မမေသဇင်ငြိမ်း။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၃ခ/၇၆၉၇၏ ယာဉ်လိုင်စင်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၀၈၁–၈၀၂၀၀။

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်ဆိုင်းဘုတ်နှင့်မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို မေ ၁၈ ရက်က တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အုံးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ညောင်ဦးမြို့နယ် အရှေ့ရနောင်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၂၀ ရက်က ကျင်းပရာ ညောင်ဦးခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းကြွယ်က ပေးအပ်စဉ်။ (က–ပ)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှုများကို မေ ၂၀ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် ဈေးခေါင်း (၂) ဦးမောင်သန်းတင်တို့က ရေကန်၊ မီးချိတ်၊ မီးကတ်နှင့် သဲများထားရှိမှုကို ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဒေသခံစေတနာရှင်များ ပူးပေါင်းမှုဖြင့် သံဃာ့ဆေးရုံသစ်(တောင်ကြီး)တိုးချဲ့ထူထောင် ရဟန်း သံဃာနှင့် သီလရှင်များအား ၂၄ နာရီအချိန်ပြည့် အခမဲ့ဆေးဝါးကုသပေးသွားမည်

နေပြည်တော် ဇွန် ၁၂

ကမ္ဘောဇဘဏ်လီမိတက်မိသားစုပိုင် ကမ္ဘောဇအထူးကုဆေးရုံကြီးအား ဇီဝိတဒါနသံဃာ့ဆေးရုံ(တောင်ကြီး)အဖြစ် လွှဲပြောင်းပေးအပ် ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အားပေးချီးမြှင့်ပြီး ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး) ဆေးပဒေသာပင်အတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

သဘာဝဘေးအန္တရာယ်များ ကြိုတင်နိုးဆော်မှု အချိန်မီအသိပေးဆောင်ရွက်နိုင် ဒေသဆိုင်ရာများ ကြိုတင်စီမံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်း

လေဘေးကြုံမိသားစုများအား မြန်မာ့ဓလေ့ထုံးစံနှင့်အညီ ဝိုင်းဝန်းကူညီ

နေပြည်တော် ဇွန် ၁၂

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၉ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မေယုအမြန်ရေယာဉ်ဖြင့် ပေါက်တောမြို့သို့ထွက်ခွာ၍ ပေါက်တောမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဆေးကုသမှုခံယူနေကြသော အမျိုးသမီးလူနာများအား ဖြည့်စွက်အာဟာရအစားအစာများကို ထောက်ပံ့ပေးအပ်ကြကာ မွေးဖွားခန်း၊ ဓာတ်မှန်အဆောက်အအုံသစ်၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပေါက်တောမြို့နယ် စိုင်းတုတ်ကျေးရွာမှ လေဘေးသင့် မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဘာသာကြီးလေးရပ်က သတ်မှတ်ထားတဲ့ ဘုရားဝတ်ပြုဆုတောင်းမှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွေနဲ့ လက်ကျန် NLD ပါတီဝင်များနဲ့ ၈၈ မင်းမဲ့ဝါဒီ မျိုးဆက်များရဲ့ ဘုရားပေါ်တက် ဝတ်ပြုဆုတောင်းတယ်ဆိုတဲ့ နိုင်ငံရေးစတန့် အလုပ်တွေဟာ မဆီမဆိုင် သံဃာစင်ပေါ် မျောက်တက်ထိုင်နေသလိုမျိုး ပြည်သူတွေရဲ့အမြင်မှာ လုံးဝလက်ခံချင်စရာ မရှိတာကတော့ အမှန်ပဲခင်ဗျာ။

ပေါက်စ၏ ဆောင်းပါး (စာ ၈ – ၉)